
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ဒေါဗ ဒဿနပညာရှင်

(ဆိုကရေတီ၊ ပလေတို၊ အရစ္စတိုတယ်)




ပါရဂူ

ပြန်လည်ရိုက်နှိပ်ခြင်း


mgyoe.com

mgyoe.com

နိုင်ငံသည် လူ့ဘောင် လူ့လောက၏ အရေးအကြီးဆုံး **အဖွဲ့အစည်း** ဖြစ်သည်။ နိုင်ငံ၏ အရေးသည် ပြည်သူ့အရေး ဖြစ်သည်။ နိုင်ငံ၏ အရေးနှင့် ပတ်သက်သော အယူအဆ အတွေးအခေါ်သည် နိုင်ငံရေးအတွေးအခေါ် သို့မဟုတ် နိုင်ငံရေးဒဿန ဖြစ်သည်။ နိုင်ငံရေး ဒဿနပညာရှင်တို့သည် နိုင်ငံ၏ အခက်အခဲကို ဖြေရှင်းရန်အတွက် နိုင်ငံ၏ အရေးနှင့် ပတ်သက်သော အတွေးအခေါ် သို့မဟုတ် ဒဿနများကို တွေးခေါ်ကြံဆကြသည်။

ကမ္ဘာ့အကြီးကျယ်ဆုံး ဒဿနပညာရှင်တို့နှင့်
ခေါ်မ နိုင်ငံရေးအတွေးအခေါ် ပညာရှင်ကြီးများ ဖြစ်ကြသော
ဆိုကရေတီ၊ ပလေတို၊ အရစ္စတိုတယ် တို့၏
ဘဝ၊ ဒဿန၊ နိုင်ငံရေးအယူအဆများ . . .

# ပါရဂူ ၏ ခေါ်မ ဒဿနပညာရှင်



PYG0033
4,000.00 KS

mgyoe.com

ဒေါ်မဒဿနပညာရှင်၊ ပါရဂူ
အပြင်အဆင်-အပ်အက်စ်အို၊ စာမျက်နှာ ၃၅၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၉၇ ရာပြည့်စာအုပ်တိုက်၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ခေါမဒသဿနပညာရှင်
## (ဆိုကရေတီ၊ ပလေတို၊ အရစ္စတိုတယ်)
## ပါရဂူ

မြနိုလည်ညှို့ကိုဒ်နှင့်မိတ်ဆွေများ၊ ၂၀၁၇

mgyoe.com

mgyoe.com

## HISTORYMAKERS



**Socrates**
**469–399 B.C.**

Socrates was one of the most powerful thinkers in history. He encouraged his students to examine their beliefs. Socrates asked them a series of leading questions to show that people hold many contradictory opinions. This method of teaching by a question-and-answer approach is known as the *Socratic method.* He devoted his life to gaining self-knowledge and once wrote, "There is only one good, knowledge; and one evil, ignorance."



**Plato**
**427–347 B.C.**

Born into a wealthy Athenian family, Plato had careers as a wrestler and a poet before he became a philosopher. He studied with Socrates. After his teacher died in 399 B.C., Plato left Greece and traveled to North Africa and Italy. He later returned to Athens and founded a school called The Academy in 387 B.C. The school lasted for approximately 900 years. It was Plato who once stated, "Philosophy begins in wonder."



**Aristotle**
**384–322 B.C.**

Aristotle, the son of a physician, was one of the brightest students at Plato's academy. He came there as a young man and stayed for 20 years until Plato's death. In 335 B.C., Aristotle opened his own school in Athens called the Lyceum. The school eventually rivaled the Academy. Aristotle once argued, "He who studies how things originated and came into being . . . will achieve the clearest view of them."

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ပါရဂူ | (က–ခ) |
| – | အမှာစကား | (ဂ–ဃ) |
| | **ဆိုကရေတီ** | |
| ၁။ | ဆိုကရေတီ၏ တပည့် | ၄ |
| ၂။ | ဒဿနပညာရှင် မဟုတ် | ၄ |
| ၃။ | ကျောင်းဆရာ၏ သား | ၅ |
| ၄။ | ခေါမ အတွေးအခေါ် ရေစီးကြောင်း | ၅ |
| ၅။ | ဒေလဖီ၏ ဗျာဒိတ်စကား | ၇ |
| ၆။ | ဆိုကရေတီ၏ သူရသတ္တိ | ၈ |
| ၇။ | ဉာဏ်ပညာ နှစ်မျိုး | ၉ |
| ၈။ | ကောင်းမှုနှင့် မကောင်းမှု | ၁၁ |
| ၉။ | ဒီမိုကရေစီအပေါ် အမြင် | ၁၃ |
| ၁၀။ | အဆိပ်သောက် သေစေ | ၁၄ |
| ၁၁။ | "အပိုလိုဂျီ"၏ အဆို | ၁၆ |
| ၁၂။ | အသက်သေသော်လည်း ထာဝစဉ် အသက်ရှင်နေသူ | ၁၉ |
| ၁၃။ | ဆိုကရေတီ၏ ဥပဒေသ | ၂၀ |
| | **ပလေတို** | |
| ၁။ | ပလေတို၏ ဘဝ | ၂၇ |


mgyoe.com

mgyoe.com

၂။ ပလေတို၏ ကျမ်းစာများ ၃၇
(က) စိတ်ကူးဝါဒ ၃၉
(ခ) ဆိုကရေတီ၏ ဩဇာ ၄၁
(ဂ) ရီပတ်ဗလစ် ၄၅
(ဃ) တရားမှု၏ အနက်အဓိပ္ပာယ် ၅၂
(င) တရားမှု အယူအဆများ ၅၄
၃။ နိုင်ငံတော် တည်ဆောက်ရာဝယ် ၆၇
(က) တရားမှု အယူအဆ ၇၄
(ခ) ပညာရေးစနစ် ၈၁
(ဂ) ဆုံစနစ် ၁၀၇
(ဃ) စံပြ စိတ်ကူးနိုင်ငံ ၁၃၀
၄။ ပေါ်လစ်တစ်ကပ် ၁၅၀
၅။ လောစ် (ဥပဒေကျမ်း) ၁၅၆
၆။ ညွန့်ပေါင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ၁၇၆
၇။ သုံးသပ်ချက် ၁၈၇

## အရစ္စတိုတယ်

၁။ အရစ္စတိုတယ်၏ ဘဝ ၂၀၂
၂။ ပေါ်လစ်တစ် ၂၂၄
၃။ ကျေးကျွန်စနစ် ၂၄၃
၄။ ဥစ္စာပစ္စည်းနှင့် အိမ်ထောင်စု ၂၅၃
၅။ ဥပဒေ၏ အသွင်လက္ခဏာ ၂၇၂
၆။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၈၁
၇။ တော်လှန်ရေး ၃၀၃
၈။ ပညာရေးစနစ် ၃၂၇
၉။ ညွန့်ပေါင်း အုပ်ချုပ်ရေးစနစ် ၃၃၆

mgyoe.com

mgyoe.com

# ပါရဂူ

ရောဝတီတိုင်း ဟင်္သာတမြို့နယ် သန္တသနော့ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၂၈၃ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးလှကြိုင်ဖြစ်သည်။

သန္တသနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့သည်။ ၁၁ နှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်သည်။ ၁၅ နှစ်တွင် ပထမငယ်၊ ၁၆ နှစ်တွင် ပထမလတ်၊ ၁၇ နှစ်တွင် ပထမကြီး၊ ၁၉၄၁ ခုနှစ် အသက် ၁၉ နှစ်တွင် အစိုးရစာချတန်း (ဂုဏ်ထူးတန်း) အောင်သည်။ အသက် ၂၀ တွင် ရဟန်းခံသည်။ ၁၉၄၇ မှ ၁၉၅၂ ထိ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒီတက္ကသိုလ်တွင် ပညာသင်သည်။ ၁၉၅၄ တွင် လူဝတ်လဲသည်။

မြန်မာနိုင်ငံ အိန္ဒိယသံရုံး ပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံ တက္ကသိုလ်နှင့် ကောလိပ်များ၏ အရှေ့တိုင်းပညာ သင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြု ဗဟိုအဖွဲ့ အကြံပေးအဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂိရိ ဝိပဿနာအဖွဲ့ အမှုဆောင်၊ သီယိုဆိုဖီအသင်း နာယက၊ မြန်–စာ–ပြန့် ဒုဥက္ကဋ္ဌ၊ မြန်မာပြည် တရိုးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာ အဖွဲ့အစည်းများတွင်လည်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com

၁၉၃၉ မှစ၍ စာရေးသည်။ ပင်ကိုရေးနှင့် ဘာသာပြန်ဆိုခဲ့သည့် ကျမ်းစာဝတ္ထုပေါင်း ၇၀ ခန့်ရှိသည်။ ယင်းတို့အနက် ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓဒိုင်ယာရီ၊ နိဗ္ဗာန်၊ ညီတော်မင်းနန်၊ သားတော် ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ဂေါရီ၊ ပိယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်၊ ပုဂံခရီးသည်တို့မှာ ထင်ရှားသည်။ ၁၉၆၃ တွင် ညီတော်မင်းနန်ဖြင့် အနုပညာစာပေဆု (ဘာသာပြန်–ပထမ)၊ ၁၉၈၆ တွင် ဂေါရီဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်–ရသ)၊ ၁၉၆၇ တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း၏ "စာပေ ရွှေတံဆိပ်ဆု"များ ရရှိခဲ့သည်။

mgyoe.com

mgyoe.com

# အမှာစကား

နိုင်ငံသည် လူ့ဘောင် လူ့လောက၏ အရေးအကြီးဆုံး အဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံ၏အရေးသည် ပြည်သူ့အရေး ဖြစ်သည်။ နိုင်ငံ၏ အရေးနှင့် ပတ်သက်သော အယူအဆ အတွေးအခေါ်သည် နိုင်ငံရေး အတွေးအခေါ် သို့မဟုတ် နိုင်ငံရေး ဒဿနဖြစ်သည်။ နိုင်ငံရေး ဒဿန ပညာရှင်တို့သည် နိုင်ငံ၏ အခက်အခဲကို ဖြေရှင်းရန်အတွက် နိုင်ငံ၏ အရေးနှင့် ပတ်သက်သော အတွေးအခေါ် သို့မဟုတ် ဒဿနများကို တွေးခေါ်ကြံဆကြသည်။

ယင်းသို့တွေးခေါ်ကြံဆရာ၌ ယေဘုယျအားဖြင့် နိုင်ငံ၏ နိုင်ငံရေး အခြေအနေသည် နိုင်ငံရေး ဒဿန ပညာရှင်တို့၏အပေါ်တွင် အရိပ်ထိုးနေသည်။ နိုင်ငံရေး ဒဿန ပညာရှင်တို့သည် နိုင်ငံရေး ဒဿနကို အခြေအမြစ်မရှိ တောရမ်းပယ်ဖွဲ့ စိတ်ကူးပေါက်တိုင်း လျှောက် ရေးကြခြင်း မဟုတ်ပေ။ မိမိတို့ မျက်မှောက်နိုင်ငံများတွင် ဖြစ်ပျက် နေသော မျက်မြင်ကိုယ်တွေ့ အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးလျှင် ယင်းအခြေအနေများနှင့် ကိုက်ညီမည့်အဖြေကို ရှာသည့်အနေဖြင့် နိုင်ငံရေး ဒဿန တစ်ခုခုကို တွေးခေါ်ကြံဆကြခြင်း ဖြစ်သည်။ ထို့ကြောင့် မျက်မှောက် နိုင်ငံရေး အခြေအနေသည် နိုင်ငံရေး ဒဿနပညာရှင်တို့၏ အပေါ်တွင် ဩဇာလွှမ်းမိုးနေသည်။ သို့ရာတွင် နိုင်ငံရေး ဒဿနပညာ

mgyoe.com

mgyoe.com

သည် အချင်းခပ်သိမ်း နိုင်ငံရေး အခြေအနေများမှ ဖြစ်ပေါ်ပေါက်ဖွား လာသည်ဟူ၍ကား မဆိုနိုင်ပေ။ နိုင်ငံရေး ဒဿနတစ်ခုခုကြောင့် နိုင်ငံရေး အခြေအနေသစ် ဖြစ်ပေါ်ပေါက်ဖွားလာသည်များလည်း ရှိသည်။

ခေါမ နိုင်ငံရေး ဒဿနပညာရှင် ပလေတိုသည် ရီပတ်ဗလစ်နှင့် လောစ်နိုင်ငံရေးပညာ ကျမ်းစာများဖြင့် လည်းကောင်း၊ ခေါမ နိုင်ငံရေး ဒဿနပညာရှင် အရစ္စတိုတယ်သည် ပေါ်လစ်တစ် နိုင်ငံရေးပညာ ကျမ်းစာဖြင့်လည်းကောင်း သူတို့၏ နိုင်ငံရေးအယူအဆ၊ နိုင်ငံရေး ဝါဒများကို တင်ပြထားကြသည်။

လွန်ခဲ့သည့် အနှစ် ၂၀ ခန့်က မိုးဝေမဂ္ဂဇင်းတွင် နိုင်ငံရေး ဒဿနပညာရှင်ကြီးများ၏အကြောင်းကို ဆောင်းပါးတစ်ပုဒ်စီ၊ တစ်ပုဒ်စီ ရေးသားခဲ့ဖူးသည်။ ယင်းသို့ ရေးသားရာ၌ ခေါမနိုင်ငံရေး ဒဿနပညာ ရှင်ကြီးများဖြစ်ကြသော ဆိုကရေတီ၊ ပလေတို၊ အရစ္စတိုတယ်တို့၏ အကြောင်းများလည်း ပါဝင်သည်။ သို့သော်လည်း မဂ္ဂဇင်း ဆောင်းပါး များဖြစ်၍ အကျဉ်းလောက်သာ ရေးသားနိုင်ခဲ့သည်။ သို့ရာတွင် ရေး လက်စရှိသည်နှင့် ထိုစဉ်ကပင် ခေါမ ဒဿန ပညာရှင်ကြီးများ၏ အကြောင်းကို စာအုပ်တစ်အုပ်ဖြစ်အောင် မကျဉ်းမကျယ် ရေးသားထား ခဲ့ဖူးသည်။ ယင်းစာမူများသည် နှစ်ပေါင်းများစွာ ကြာလာသည်အထိ စာမူအဖြစ်နှင့်သာ ရှိနေကြပြီး စာအုပ်ဘဝ ရောက်မလာခဲ့ကြပေ။

၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်ကျမှ ပလေတိုနှင့် အရစ္စတိုတယ်ကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ယခုတစ်ဖန် ပလေတိုနှင့် အရစ္စတိုတယ်ကို မူကောင်းမူသန့် ဖြစ်လာစေရန် ထပ်မံ တည်းဖြတ် သုတ်သင်ပြီးလျှင် ဆိုကရေတီကိုပါရောလျက် ခေါမ ဒဿနပညာရှင် အမည်ဖြင့် ခေါမ ဒဿနပညာရှင်ကြီးသုံးဦးတို့၏ အတ္ထုပ္ပတ္တိနှင့် ဒဿန အတွေးအခေါ်များကို စာအုပ်တစ်အုပ်တည်းတွင် တစ်ပေါင်းတည်း တင်ပြ လိုက်ပါသည်။

ပါရဂူ
၂၇-၁-၉၇

mgyoe.com

mgyoe.com

# ဆိုကရေတိ

mgyoe.com

mgyoe.com



ဆိုကရေတီ (၄၇၀–၃၉၉ ဘီစီ)

mgyoe.com

mgyoe.com

# ဆိုကရေတီ

သမိုင်းဝင် နာမည်ကျော် ပုဂ္ဂိုလ်အချို့အကြောင်းကို အတော်အသင့် သိရှိရသော်လည်း ထိုပုဂ္ဂိုလ်တို့၏ အကြောင်းမှာ အထောက်အထား ခိုင်လုံမှု နည်းပါးလှသည်။ **ဆိုကရေတီ**[၁] (၄၇၀–၃၉၉ ဘီစီ)သည် ထိုပုဂ္ဂိုလ်မျိုးထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ဘာထရန်ရဆဲလ်က ဤသို့ ရေးသားထားသည်။

"အချို့ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အနည်းအကျဉ်း သိသည်မှာ သေချာ၏။ တခြား အချို့ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့ အများအပြား သိသည်မှာလည်း သေချာ၏။ သို့ရာတွင် ဆိုကရေတီနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အနည်းအကျဉ်း သိသလော သို့မဟုတ် အများအပြား သိသလော ယင်းအချက်မှာ မသေချာပေ"[၂]

ယင်းသို့ ဖြစ်ရခြင်း၏ အဓိက အကြောင်းရင်းမှာ ဆိုကရေတီနှင့် ပတ်သက်၍ ပလေတို၊ ဇေနိုဖန်၊ အေရိစတိုဖင်တို့သည် အများအပြား ရေးသားခဲ့ကြသည်။ သို့ရာတွင် ဆိုကရေတီနှင့် ပတ်သက်သော ထိုပုဂ္ဂိုလ်များ၏ ရေးသားချက်များသည် တစ်ခုနှင့်တစ်ခု တူညီမှု မရှိကြပေ။

---

၁။ Socrates

၂။ A History of Western Philosophy

mgyoe.com

mgyoe.com

## ဆိုကရေတီ၏ တပည့်

ပလေတိုသည် ဆိုကရေတီ၏ တပည့်တစ်ဦး ဖြစ်သည်။ သူ့ဆရာ ကိုလည်း အထူးလေးစား ကြည်ညိုသည်။ **အပိုလိုဂျီ**[၁]၊ **ကရစ်တို**[၂]၊ **ဖေဒို**[၃]၊ **စင်ပိုဇီယမ်**[၄] အမည်ရှိသော ဒိုင်ယာလော့ ကျမ်းစာများ၌ ပလေတို သည် ဆိုကရေတီ၏အကြောင်းကို ကောင်းစွာ ရေးသားဖော်ပြထားသည်။

သို့ရာတွင် ကြီးမားသော အပြစ်တစ်ခုမှာ ပလေတိုသည် မိမိ၏ အယူအဆ အားလုံးကိုလည်း ဆိုကရေတီအား အပြောခိုင်းခြင်းဖြစ်သည်။ အေရိစတိုဖင်သည် **ကလောက်**[၅] ၌ ဆိုကရေတီ၏အကြောင်းကို ဟာသ နှော၍ ရေးသားဖော်ပြထားသည်။ ဇေနိုဖန်၏ **မီမိုရေဘလီယာ**[၆]၊ စင်ပို ဇီယန်၊ အပိုလိုဂျီတို့၌ပါသော ဖော်ပြချက်များသည် ပလေတို၏ အခြား ဖော်ပြချက်များနှင့် ခြားနားသည်။

## ဒဿနပညာရှင် မဟုတ်

ဇေနိုဖန်သည် ဒဿနပညာရှင်တစ်ဦး မဟုတ်သောကြောင့် ဆိုကရေတီ၏ အယူအဆကို တိကျမှန်ကန်စွာ ဖွင့်ဆိုရေးသား နိုင်ပါမည်လောဟူ၍ အချို့က သံသယရှိကြသည်။ ရေးသားဖွင့်ပြချက် သုံးခုအနက် မည်သည့် ရေးသားဖွင့်ပြချက်မျှ အပြည့်အဝ မှန်ကန်သည်ဟူ၍ မထင်ရဟု ဆိုကြ သည်။ ယင်းရေးသားဖွင့်ပြချက်များကို အခြေခံပြီးလျှင် ဆိုကရေတီ၏ ဘဝအကြောင်း အနည်းအကျဉ်း သိရှိရသည်။

---

၁။ Apology

၂။ Crito

၃။ Phaedo

၄။ Symposium

၅။ Clouds

၆။ Memorablia

mgyoe.com

mgyoe.com

## ကျောင်းဆရာ၏ သား

ဆိုကရေတီသည် အေသင်၌ ဆာလာမစ်စစ်ပွဲ ဖြစ်ပွားပြီးနောက် ၁၀ နှစ်အကြာ ၄၇၀ ဘီစီလောက်တွင် ကျောက်ဆစ်ပန်းပုဆရာတစ်ဦး၏ အိမ်ထောင်စု၌ မွေးဖွားသည်။ သူ၏မိခင် ဖိန်းရီ[၁] သည် ဝမ်းဆွဲဆရာမ အလုပ်လုပ်သည်။ ဆိုကရေတီသည် အစပထမ၌ အချိန်အတန်ကြာမျှ ဖခင်၏အလုပ်ကို လုပ်ကိုင်သည်။ သို့ရာတွင် နောက်ပိုင်း၌ကား ဘဝ တစ်လျှောက်လုံး အမှန်တရားကို ကြံဆခြင်းနှင့် ဒဿန သဘောတရား များကို တွေးခေါ်ကြံဆခြင်း၌သာလျှင် အချိန်ကုန်လွန်ခဲ့လေသည်။

မိမိ မိခင်၏ အလုပ်မျိုးအတိုင်း အတွေးသစ် အမြင်သစ်များကို မွေးဖွားပေးမည်ဟု ဆိုကရေတီက ပြောသည်။ သူ၏ လုလင်ဘဝသည် ပေရီကလိ၏ ရွှေခေတ်၊ ရွှေအခါသမယ၌ ကုန်ဆုံးခဲ့ရပြီး သူ့ဘဝ၏ နောက်ပိုင်းအချိန်ကာလများမှာမူ ပေလိုပိုနေရှန် စစ်ပွဲများအတွင်း၌ ကုန်ဆုံး ကျော်လွန်လာခဲ့ရသည်။

၄၃၅ ဘီစီအထိ ဆိုကရေတီသည် သဘာဝ အဖြစ်အပျက်များ ဖြစ်ပျက်ခြင်း၏ အမျိုးအစားနှင့်နည်းလမ်းကို ဆင်ခြင်သုံးသပ်သည့် သဘာဝ သိပ္ပံပညာကို လေ့လာသင်ကြားမှု၌ အထုံဝါသနာ ပါခဲ့သည်။ သို့ရာတွင် ယင်းရုပ်ပိုင်းသိပ္ပံပညာဖြင့် ကျေနပ်အားရခြင်းမဖြစ်ခဲ့ပေ။ ၄၃၅ ဘီစီနောက်ပိုင်း၌ သဘာဝ အဖြစ်အပျက်များကို ဖြစ်ပေါ်စေသည့် အရင်းခံ ပြဿနာများကို တွေးခေါ်ကြံဆခြင်း၌ အာရုံစူးစိုက်လာခဲ့သည်။ သဘာဝ သိပ္ပံပညာကို ကျောခိုင်းပြီးလျှင် ဒဿနနှင့် မတ်တာဖိစစ်ခေါ် ရုပ်လွန်ပညာ သို့မဟုတ် အတိဘူတိကပညာကို လေ့လာသင်ကြားလာခဲ့ သည်။

## ခေါမ အတွေးအခေါ် ရေစီးကြောင်း

ယင်းသို့ ဆိုကရေတီ လမ်းပြောင်းလိုက်ခြင်းသည် ဂရိအတွေးအခေါ်

၁။ Phainrete

mgyoe.com

mgyoe.com

သမိုင်း၌ ထူးခြားသော၊ အရေးပါသော အဖြစ်အပျက်တစ်ရပ် ဖြစ်ခဲ့သည်။ ဂရိ အတွေးအခေါ်၏ ရေစီးကြောင်းသည် လမ်းကြောင်းပြောင်းသွားသည်။ ယင်းသို့ ဆိုကရေတီ၏ အတွေးအခေါ်၌ ပြောင်းလဲမှု ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းမှာ **ဒေလဖီ၏ ဗျာဒိတ်စကား**[၁] ဖြစ်သည်ဟု ဆိုကြ၏။



**ဆိုကရေတီခေတ်က အေသင်**

ဆိုကရေတီကို ချီးကျူးဂုဏ်ပြုသူ တစ်ဦးဖြစ်သော **ခယ်ရ်ဖုန်**[၂] က ဒေလဖီအား ဆိုကရေတီထက် ပိုပြီး ပညာရှိသူ ရှိပါသလောဟူသော မေးခွန်းကို မေးသည်။ ဆိုကရေတီထက် ပိုပြီး အသိဉာဏ်ပညာရှိသူ မည်သူမျှမရှိဟု အဖြေပြန်ပေးသည်။ ဆိုကရေတီအား ယင်းဗျာဒိတ်စကားကို ပြောပြသောအခါ ဆိုကရေတီက ကျွန်ုပ် နားလည်သည့် အရာမှာမူ ကျွန်ုပ် ဘာမျှ နားမလည်ဟူသော အချက်သာလျှင် ဖြစ်၏ဟူ၍ ပြန်ပြောသည်။

---

၁။ Delphic Oracle

၂။ Chairphon

mgyoe.com

ဆိုကရေတီသည် အေသင်ရှိ အသိပညာရှင်ဟူ၍ ယူဆရသည့် ပုဂ္ဂိုလ်များထံသွား၍ အမေးပုစ္ဆာများကို မေးမြန်းသည်။ အသိဉာဏ်ပညာ ရရှိရေးအတွက် ဇီနိုထံမှ အမေးအဖြေ အချေအတင် ပြောနည်းနှင့် **ဒွန္ဒနည်း**[၁] စနစ်ကို သင်ကြားသည်။ ယင်းစနစ်အရ အသိပညာ ရရှိရေး အတွက် သတ်မှတ်ထားသော နည်းလမ်းများဖြင့် အမေးပုစ္ဆာများကို ပြုလုပ်လျက် ပြဿနာအားလုံး၏ အခြေခံ မူလသို့အထိ ရောက်ရှိရန်နှင့် ယင်းပြဿနာများ၏ အဖြေကိုရှာဖွေရန် ကြိုးပမ်းအားထုတ်သည်။

## ဒေလဖီ၏ ဗျာဒိတ်စကား

ဒေလဖီ၏ ဗျာဒိတ်စကားကို ကြားရပြီးသည့် နောက်ပိုင်း၌ ဆိုကရေတီသည် ဘုရားသခင်က သူ့အား အသိဉာဏ်ပညာ ဖြန့်ဖြူးသည့်အလုပ် လုပ်ရန် လွှဲအပ်သည်ဟု သဘောပေါက်လာသည်။ ပညာမာန်ရှိကြသည့် ပုဂ္ဂိုလ်များအား အဖြေမပေးနိုင်အောင် ပြုလုပ်ပြီးလျှင် ဆိုကရေတီသည် ထိုပုဂ္ဂိုလ်တို့အား မိမိတို့၏ အသိဉာဏ် ပညာမဲ့မှုကို အတင်း လက်ခံ စေခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ပညာမာန်ရှိကြသော ပုဂ္ဂိုလ်များက သူ့ကို စိတ်ဆိုးကြသည်မှာ မဆန်းပေ။

များစွာသော ပုဂ္ဂိုလ်တို့နှင့် စကားဆွေးနွေး ပြောကြားပြီးသည့် နောက်၌ ဆိုကရေတီသည် ဒေလဖီ၏ ဗျာဒိတ်စကားသည် မမှားဟူ၍ ဆုံးဖြတ်ချက် ကျသွားသည်။ မိမိသည် အခြားပုဂ္ဂိုလ်များထက် ပို၍ အသိဉာဏ်ပညာ ရှိ၏။ သို့ရာတွင် ယင်းသို့ရှိခြင်းမှာ သူက အခြားပုဂ္ဂိုလ် များထက် ပိုသိ၍မဟုတ်။ မိမိ အသိဉာဏ်ပညာ မရှိပုံကိုသိသောကြောင့် ဖြစ်၏။ အခြားပုဂ္ဂိုလ်များကမူ အသိဉာဏ် ပညာရှိသူမဟုတ်သော်လည်း မိမိကိုယ်ကို အလွန်ကြီးကျယ်သော အသိဉာဏ်ပညာရှင်များဟူ၍ ထင်မှတ် ယူဆကြကုန်၏။ ယင်းသို့ ဆိုကရေတီ နားလည် သဘောပေါက်သွား သည်။

---

၁။ Dialectic

mgyoe.com

## ဆိုကရေတီ၏ သူရသတ္တိ

အေသင်၏ နိုင်ငံသားအဖြစ်ဖြင့် ဆိုကရေတီသည် မိမိ၏ တာဝန်ဝတ္တရား ဟူသမျှကို လိုက်နာဆောင်ရွက်ခဲ့သည်။ ယေဘုယျအားဖြင့် ဒဿနပညာ ရှင်များသည် စစ်တိုက်ရေးခိုက်ရေးနှင့် မည်သို့မျှ ဆက်သွယ်မှုမရှိဟု ယူဆကြသည်။ သို့ရာတွင် ဆိုကရေတီသည် **သရေစ်**၌ အေသင်ဘက်မှ နေ၍ လက်နက်ကိုင် စစ်သားအဖြစ်ဖြင့် ပါဝင်တိုက်ခိုက်ခဲ့သည်။ ၄၂၄ ဘီစီ၌ **ဒေလီယန်**[၁] တိုက်ပွဲတွင် ဆိုကရေတီသည် သူ၏ ရဲဝံ့စွန့်စား မှုကြောင့် သူ၏သူရသတ္တိ ထူးထူးခြားခြား အချီးကျူးခံခဲ့ရသည်။ အသက် ၆၅ နှစ်အရွယ်တွင် ဆိုကရေတီသည် အေသင်လွှတ်တော်၏ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

၄၀၅ ဘီစီ၌ **အာဂိနုဆေး**[၂] ရေတပ်တိုက်ပွဲ၌ ရေတပ်သားများ ရေထဲမြုပ်နစ်မသွားရန် အောင်မြင်စွာမကာကွယ်နိုင်သော ရေတပ် စစ်သေနာပတိများအား တရားစွဲဆိုပြီးလျှင် အပြစ်ဒဏ်ပေးရန် ချမှတ် ကြသည်။ ထိုအခါ ဆိုကရေတီသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ စည်းကမ်းချက်တစ်ခုနှင့် ဆန့်ကျင်သောကြောင့် ယင်းအပြစ်ဒဏ်ပေးပုံကို တစ်ဦးတည်း ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ခဲ့သည်။

၄၀၄ ဘီစီ၌ အသက်ဦးဆံပိုင် အုပ်ချုပ်ရေးအာဏာပိုင် ၃၀ တို့သည် အေသင်၌ နိုင်ငံသားတစ်ဦးကို ဖမ်းဆီးခေါ်လာရန် ဆိုကရေတီ အား အမိန့်ပေးခဲ့သည်။ ယင်းအမိန့်ကို ဆိုကရေတီက မတရားဟုယူဆ ပြီးလျှင် လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ငြင်းဆန်နေသည်။ ဆိုကရေတီ သည် နိုင်ငံသား တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်သော်လည်း နိုင်ငံသား စည်းမျဉ်းဥပဒေ၏ ဂုဏ်သိက္ခာကိုမူ မဖောက်ဖျက်၊ မကျူးလွန် ပေ။ ယင်းအချက်နှင့်စပ်လျဉ်း၍ မိမိစိတ်ဆန္ဒ အားလျော်စွာ လွတ်လွတ်

---

၁။ Delium

၂။ Arginusae

mgyoe.com

mgyoe.com



အေသင် လမ်းမများပေါ်က ဆိုကရေတီ

လပ်လပ် ရဲရဲဝံ့ဝံ့ တွေးခေါ်ကြံဆခြင်းသည် သူ၏ကြီးမားသောထူးခြားချက် ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံး အဆိပ်ကို သောက်ရခြင်း ဖြစ်သည်။

## ဉာဏ်ပညာ နှစ်မျိုး

ဆိုကရေတီ၏ အကြီးမားဆုံး အယူအဆသည် မိမိကိုယ်ကို သိမြင်ခြင်း ဖြစ်သည်။ သူ၏ အခြေခံ ကြွေးကြော်သံမှာ ဒေလဖီနတ်ကွန်း၌ ရေးသား ထားသော "မိမိကိုယ်ကို နားလည်ပါ"ဟူသော စကားဝါကျ ဖြစ်သည်။ ဆိုကရေတီ အရင်က ဆိုဖစ်တို့သည် သံသယဝါဒကို အလေးပေးပြီးလျှင်

mgyoe.com

mgyoe.com

"အကောင်းနှင့်အဆိုးသည် ပတ်ဝန်းကျင်အခြေအနေများအပေါ်၌ တည်၏။ ယင်း အကောင်းနှင့်အဆိုးသည် ပုဂ္ဂိုလ်တစ်ဦးစီ တစ်ဦးစီအတွက် ထို ပုဂ္ဂိုလ်၏ ပုဂ္ဂလိကအလိုဆန္ဒနှင့် ပတ်ဝန်းကျင်အခြေအနေအရသာ သတ်မှတ်ဆုံးဖြတ်ခြင်း ခံရ၏"ဟူ၍ ပြောဆိုကြသည်။ ယင်း အယူအဆ များသည် ကိုယ်ကျင့်တရားဆိုင်ရာ မင်းမဲ့ဝါဒကို ဖြစ်ပေါ်စေတတ်သော အရာများ ဖြစ်ကြသည်။

ဆိုကရေတီသည် ဆိုဖစ်တို့ကို ဆန့်ကျင်လျက် **နှစ်မျိုးနှစ်စား သော အသိဉာဏ် ပညာဝါဒ**[၁] ကို ယုံကြည်ယူဆသည်။ ဆိုဖစ်တို့၏ အမြင်သည် အာရုံခံဣန္ဒြေများဖြင့်သိရသော ဗဟိဒ္ဓလောကအထိသာလျှင် သတ်မှတ်ပိုင်းခြားထားသည်။ ဣန္ဒြေများဖြင့် သိရသော ဗဟိဒ္ဓလောက အသိဉာဏ်ကိုသာလျှင် နောက်ဆုံးပိတ် အန္တိမဟူ၍ ထင်မှတ်ယူဆကြ သည်။

ဆိုကရေတီကမူ နှစ်မျိုးနှစ်စားသော အသိဉာဏ်ကို ယုံကြည် ယူဆသည်။ ယင်းနှစ်မျိုးနှစ်စားသော အသိဉာဏ်မှာ ဣန္ဒြေများဖြင့် သိမြင်ရသော၊ မသေချာသော ဗဟိဒ္ဓလောက အသိဉာဏ်နှင့် အားလုံးနှင့် ဆက်စပ်သော၊ မြဲသော အသိဉာဏ်တို့ ဖြစ်ကြသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာလောက၌ ပုံသဏ္ဌာန် ကွဲပြားခြားနားသော များစွာ သော လူတို့ကို တွေ့မြင်ကြရသည်။ ယင်းတို့၌ မည်သို့သော သေချာမှု၊ တိကျမှုမျိုးမျှ မရှိပေ။ ယင်းတို့သည် မမြဲသောအရာများ ဖြစ်ကြသည်။ သို့ရာတွင် ထိုသူတို့၏ နောက်ကွယ်၌ရှိနေသော လူအားလုံးတို့၏တူညီ သော ထူးခြားချက်များကို ညွှန်ပြတတ်သည့် လူ့အဖြစ်၊ လူ့ဘဝဟူသော အသိဉာဏ်သည်ကား အားလုံးနှင့် ဆက်စပ်၏။ နိစ္စ ထာဝရ ဖြစ်၏။

မှန်သော အသိဉာဏ်သည် အားလုံးနှင့် **ဆက်စပ်သော သဘော တရားများ**[၂] ကို သိမြင်ခြင်းသာလျှင် ဖြစ်၏။ ယင်းအသိဉာဏ်ကို

---

၁။ The Doctrine of Two Knowledges

၂။ Universals

mgyoe.com

mgyoe.com

ရရှိရေးမှာ လူ၏တာဝန်ဝတ္တရား ဖြစ်၏။ အသိဉာဏ် ရရှိရေးအတွက် အကြီးမားဆုံး လက်နက်ကိရိယာမှာ ဝေါဟာရ စကားလုံးများ၏ သဘော သရုပ်မှန်ကို သိရှိနားလည်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် တရားမှု အစရှိသော စကားလုံးများကို အသုံးပြုကြသည်။ သို့ရာတွင် ယင်းစကား လုံး၏ အနက်အဓိပ္ပာယ်မှန်ကို မသိရှိ နားမလည်ကြပေ။ ဆိုကရေတီ သည် သူ၏ အပေါင်းအသင်းများအား ယင်းကဲ့သို့သော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို မေးမြန်းသည်။ သူ၏ အပေါင်းအသင်းများ ဖွင့်ပြ ပြောဆိုသော အဓိပ္ပာယ်ဖွင့်များကို ဝေဖန်စောကြောသည်။ ထိုနည်းအားဖြင့် ယင်းဝေါဟာရ စကားလုံးများ၏ သရုပ်သဘောအမှန်ကို ထောက်ပြသည်။ ဥပမာအားဖြင့် ပလေတို ရေးသားသော ရီပတ်ဗလစ်၏ နိဒါန်းသည် တရားမှု[၁]၏ အသွင်လက္ခဏာများကို စဉ်းစားဆင်ခြင်ခြင်းဖြင့် အစပြု ထားသည်။

## ကောင်းမှုနှင့် မကောင်းမှု

ဆိုကရေတီ၏ အခြားကြီးမားသော အယူအဆတစ်ခုမှာ အသိဉာဏ်နှင့် ကောင်းမှုကို မခွဲခြားခြင်း ဖြစ်သည်။ ဆိုကရေတီက အသိဉာဏ်သည် ကောင်းမှုဖြစ်ပြီး မသိနားမလည်ခြင်း သို့မဟုတ် အဝိဇ္ဇာသည် မကောင်း မှုဖြစ်၏ဟု ဆိုထားသည်။[၂] လူတို့သည် မသိနားမလည်သောကြောင့် သာလျှင် မကောင်းမှုကို ပြုလုပ်ကြခြင်း ဖြစ်သည်။ အကယ်၍ လူတို့ သည် အသိဉာဏ်နှင့် ပြည့်စုံနေလျှင် မကောင်းမှုကို မပြုလုပ်တန်ရာ။ မှန်မှန်ကန်ကန် ပြောဆိုခြင်းသည် ကောင်းမှုဖြစ်၏ဟူ၍ သိသောပုဂ္ဂိုလ် သည် အခါခပ်သိမ်း မှန်မှန်ကန်ကန်ပြောဆိုသင့်သည်။ သို့ရာတွင် လက်တွေ့ကမ္ဘာလောက၌မူ ယင်းအယူအဆသည် တိကျမှန်ကန်ခြင်း မရှိဟု ထင်ရသည်။ လူတို့သည် မှန်မှန်ကန်ကန် ပြောဆိုခြင်းသည်

---

၁။ Justics

၂။ Virtue is knowledge and ignorance is vice.

mgyoe.com

mgyoe.com

ကောင်းမှုဖြစ်၏ဟူ၍ သိကြသည်။ သို့သော်လည်း မှသားစကား ပြောဆိုကြသည်။

ဆိုကရေတိ၏ အလိုအရမှု မှန်မှန်ကန်ကန် ပြောဆိုရမည်ဟူသော အသိဉာဏ်ရှိသော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသောသူသည် အမှန်စင်စစ်အားဖြင့် အသိဉာဏ်ရှိသူမဟုတ်ပေ။ လူသည် အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည်။ ယင်းအသိဉာဏ်ဖြင့် ရရှိသော အမှန်တရား အသိဉာဏ်နှင့် လျော်ညီစွာ လူသည် အခါခပ်သိမ်းလိုက်နာကျင့်သုံးသင့်သည်။ လိုက်နာကျင့်သုံးခြင်းကင်းသော အသိဉာဏ်သည် အကျိုးမရှိ အချည်းနှီးတည်း။ နာမ်အမြင် သို့မဟုတ် စိတ်အမြင်ဖြင့် ကြည့်လျှင် ဆိုကရေတိ၏ဝါဒသည် အကြွင်းမဲ့မှန်ကန်မှုရှိသည်မှာ လင်းပါးဖွယ်ရာ မရှိပေ။ အကယ်၍ လူသည် မိမိ၏အသိဉာဏ်အရ လိုက်နာကျင့်ကြံခြင်း မပြုလုပ်ခဲ့သော် ဆိုကရေတိ၏အမှား မဟုတ်ပေ။ လူသားတို့၏ ကံကြမ္မာသာလျှင် ဖြစ်သည်။

ဥပဒေ စည်းကမ်းများနှင့် ထုံးတမ်းစဉ်လာများသည် တစ်ခုနှင့်တစ်ခု မတူကွဲပြား ခြားနားကြသော်လည်း သဘောတူညီသော၊ အများနှင့်ဆက်စပ်သော ကိုယ်ကျင့်တရားဆိုင်ရာ နိယာမတရားအချို့ကို ရှာဖွေစုံစမ်းသင့်၏ ဟူ၍ ဆိုကရေတိက ယူဆသည်။ ဆိုဖစ်တို့ကဲ့သို့ပင် ဆိုကရေတိသည်လည်း ကောင်းမှု၊ မကောင်းမှုဟူသော အတွေး၏ အခြေခံသည် ဘာသာရေး သို့မဟုတ် အစဉ်အလာမဟုတ်ဘဲ ဆင်ခြင်တိုင်းထွာမှု[၁] သာလျှင် ဖြစ်သင့်၏ဟူ၍ လည်းကောင်း၊ အသိဉာဏ်အားဖြင့်သာလျှင် အကျင့်စာရိတ္တနှင့် တရားမှု အခြေခံနိယာမ တရားများကို လေ့လာစုံစမ်းသင့်၏ဟူ၍ လည်းကောင်း ယူဆသည်။ ဆိုဖစ်တို့သည် နိုင်ငံရေး၌ ကိုယ်ကျင့်တရားကို ဖြည့်စွက်လိုသောဆန္ဒ မရှိပေ။ ဆိုကရေတိကမူ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေး၌ နီးစပ်သော ဆက်သွယ်မှုကို တည်ဆောက်ပေးသည်။

---

၁။ Reason

mgyoe.com

mgyoe.com

## ဒီမိုကရေစီအပေါ် အမြင်

ဆိုကရေတီသည် အေသင်၏ နိုင်ငံရေးကို ကိုယ်တိုင်ကိုယ်ကျ သိမြင်တွေ့ရှိသူ ဖြစ်သည်။ ထိုခေတ်က ဒီမိုကရေစီစနစ်ကို အမြင်အမျိုးမျိုးဖြင့် ဝေဖန်ခဲ့သူ ဖြစ်သည်။

(၁) ထိုခေတ်က အေသင်၌ အစိုးရအမှုထမ်းများ၊ စစ်သေနာပတိများ၊ တရားသူကြီးများကို မဲချသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်ကြသည်။ ယင်းစနစ်ကြောင့် အရည်အချင်းမရှိသည့် ပုဂ္ဂိုလ်များ ရာထူးဌာနန္တရကြီးများကို ရရှိပြီးလျှင် နိုင်ငံအတွက် အခက်အခဲဖြစ်လာနိုင်သည်။ ထို့ကြောင့် ယင်းစနစ်ကို ဆိုကရေတီက ဆန့်ကျင်ဘက် ပြုလုပ်ခြင်းဖြစ်သည်။

(၂) ထိုခေတ်က အေသင်၏ လွှတ်တော်၌ ဖိနပ်ချုပ်သမား၊ အိုးလုပ်သမား၊ အပ်ချုပ်သမားတို့သည်လည်း ပြည်သူ့အရေးအခင်းများကို တတ်သိနားလည်သည့် နိုင်ငံရေးသမားများ ရသည့် အခြေအနေမျိုးကိုပင် ရရှိကြသည်။ လူတန်းစား နှစ်ရပ်လုံး မဲဆန္ဒ အခွင့်အရေးကို တူညီစွာ ရရှိကြသည်။ ဆိုကရေတီက ယင်းအခြေအနေကို မလိုလားအပ်ဟူ၍ ယူဆသည်။

(၃) ထိုခေတ် နိုင်ငံရေးသမားများအား ဆိုကရေတီ မကျေနပ်ခြင်းအကြောင်းမှာ နိုင်ငံရေးသမားများသည် ပြည်သူလူထု ရှင်လန်းဝမ်းသာရေး လုပ်ငန်းများ၌ အာရုံစူးစိုက်ကြသော်လည်း တရားမှုနှင့် စပ်လျဉ်းသော အရေးကြီးသော လုပ်ငန်းများကိုမူ လျစ်လျူရှုထားခြင်း ဖြစ်သည်။

(၄) ဆိုကရေတီသည် အုပ်ချုပ်ရေးလုပ်ငန်းအတွက် ထူးခြားသော ပညာသင်ကြားမှုကို လိုအပ်သည်ဟု ယူဆသည်။ "ကျွန်ုပ်တို့သည် ဖိနပ်ပြင်ရန်အတွက် ဖိနပ်ချုပ်သမားထံ သွားကြရသည်။ သစ်သားပစ္စည်းများကို ပြုပြင်ရန်အတွက် လက်သမားများကို ခေါ်ကြရသည်။ ထို့ကြောင့် နိုင်ငံတည်းဟူသော သင်္ဘော

mgyoe.com

ကို မောင်းရန်အတွက် ယင်းအတတ်ပညာ၌ လိမ္မာကျွမ်းကျင် သူကို ချဉ်းကပ်ရမည်"ဟူ၍ ဆိုကရေတီက ပြောလေ့ရှိသည်။

ဆိုကရေတီ၏ထံသို့ ပုဂ္ဂိုလ်တစ်ယောက်လာလျက် မဲချသည့်စနစ်ဖြင့်ရွေးကောက်သော စစ်သေနာပတိ ရွေးကောက်ပွဲဝင်လိုသည့်ဆန္ဒကို ထုတ်ဖော်ပြောပြသောအခါ ဆိုကရေတီက စစ်သေနာပတိ မလုပ်ခင် စစ်အတတ်ပညာ သေနင်္ဗျူဟာကို လေ့လာဆည်းပူးသင့်၏ဟူ၍ ထိုပုဂ္ဂိုလ်အား အကြံဉာဏ် ပေးလိုက်လေသည်။

နိုင်ငံရေးကို ဆိုကရေတီက လက်တွေ့ ပြုလုပ်ရသော အတတ်ပညာဟူ၍ ထင်မှတ်ယူဆသည်။ သူ၏ အမြင်အရ နိုင်ငံရေးသမားသည် ယင်းအတတ်ပညာကို အပြည့်အဝတတ်မြောက်ပြီးသည့် နောက်မှသာလျှင် နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာသင့်သည်။ အမှန်စင်စစ်အားဖြင့် ဆိုကရေတီသည် ဒီမိုကရေစီစနစ်အစား ဉာဏ်ပညာရှိသော အမျိုးကောင်းသားပုဂ္ဂိုလ်များ တိုင်းပြည်ကို အုပ်ချုပ်သည့်စနစ်ကို အလေးအနက်ထောက်ခံအားပေးသူ ဖြစ်သည်။

## အဆိပ်သောက် သေစေ

အသက် ၇၀ အရွယ် ၃၉၉ ဘီစီ၌ ဆိုကရေတီအား တရားစွဲဆိုပြီးလျှင် အပြစ်ရှိသူအဖြစ် ကြေညာလျက် တရားသူကြီး ၅၀၁ ယောက်ပါဝင်သော တရားခုံရုံးက အဆိပ်သောက် သေစေဟူသော သေဒဏ်ကို ချမှတ်သည်။ ဆိုကရေတီအား ပုဂ္ဂိုလ်သုံးဦးတို့က စွဲချက်တင်ကြသည်။ ယင်းပုဂ္ဂိုလ်သုံးဦးမှာ ဒီမိုကရေစီ နိုင်ငံရေးသမား အနေးတပ်[၁]၊ ကဗျာဆရာတစ်ဦးဖြစ်သည့် မေလေတပ်[၂]၊ အလင်္ကာကျမ်း ဆရာတစ်ဦးဖြစ်သည့် လိုင်ကွန်းတို့ ဖြစ်ကြသည်။ ဆိုကရေတီအပေါ် စွဲချက်နှစ်ခုတင်ကြသည်။ ပထမစွဲချက်မှာ ဘာသာမဲ့၊ တရားမဲ့ဖြစ်ခြင်း သို့မဟုတ် နိုင်ငံက ပူဇော်ပသသော

---

၁။ Anytus

၂။ Meletus

mgyoe.com

mgyoe.com


နတ်ဒေဝတာများကို မပူဇော်၊ မပသခြင်းဟူသော စွဲချက်ဖြစ်သည်။ ဒုတိယစွဲချက်မှာ မိမိ၏ အဆုံးအမဥပဒေများဖြင့် လူငယ်များ၏ အကျင့်စာရိတ္တကို ဖျက်ဆီးပစ်သည်ဟူသော စွဲချက်ဖြစ်သည်။ ဆိုကရေတီအပေါ် ယင်းကဲ့သို့ စွဲချက်တင်ခြင်းမှာ သူ၏ ဒီမိုကရေစီဆန့်ကျင်ရေး အယူအဆများကြောင့် ဖြစ်၏ဟူ၍ ပညာရှင်များစွာက ယူဆကြသည်။

ဆိုကရေတီသည် အေသင်၏ ဒီမိုကရေစီစနစ်ကို လည်းကောင်း၊ ဒီမိုကရေစီစနစ်၏ ထင်ရှားသည့် ခေါင်းဆောင်များဖြစ်ကြသော ပေရီကလီအစရှိသည်တို့ကိုလည်းကောင်း ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ဆိုကရေတီ ဩဇာညောင်းသော အချို့ပုဂ္ဂိုလ်များသည် အေသင်၏ ဒီမိုကရေစီစနစ်ကို အခက်အခဲတွေ့အောင် ပြုမူဖန်တီးကြသည်။ ၄၁၀ ဘီစီ တော်လှန်ရေး၌ အေလကီဘီယာဒီ[၁] သည် အေသင်၏ ဒီမိုကရေစီစနစ်ကို ပျက်ပြားသွားအောင် လုံးပန်းသည်။ ၄၀၄ ဘီစီ တော်လှန်ရေး၌ ကရိတီယပ်သည် အေသင်၏ ဒီမိုကရေစီစနစ်ကို အချိန်အတန်ကြာမျှ စခန်းသိမ်းထားခဲ့သည်။

ဆိုကရေတီ၏ အဆုံးအမ ဥပဒေသသည် ယင်းကဲ့သို့ ဩဇာသက်ရောက်မှု ရှိသည်ဖြစ်၍ ဘာကာက "ဆိုကရေတီသည် အမှန်မုချ လူငယ်များကို ဖျက်ဆီးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ အကြောင်းမူကား လူငယ်များ၌ ဒီမိုကရေစီစနစ် ဆန့်ကျင်ရေးစိတ်ဓာတ် ပေါ်ပေါက်လာသည်ဖြစ်၍ အေသင်၌ လူနည်းစု အုပ်ချုပ်ရေးစနစ်[၂] တည်ဆောက်သည့် တော်လှန်ပုန်ကန်မှုများ ဖြစ်ပွားခဲ့သောကြောင့် ဖြစ်သည်..."

ယင်းအဖြစ်အပျက် ဖြစ်ပျက်၍ အနှစ် ၅၀ ကြာပြီးသည့်နောက်၌ အေစခင်နက်[၃] က ဤသို့ ရေးသားထားသည်။ အေသင်သူ အေသင်သားတို့...ဆိုဖစ်ဆိုကရေတီအား လုပ်ကြံသတ်ဖြတ်ခြင်းသည် ဆိုကရေတီအား

---

၁။ Alcibiades

၂။ Oligarchical

၃။ Aiskhines

mgyoe.com

mgyoe.com


ကရိတိယပ်ကို အဆုံးအမ ဥပဒေသပေးသူ ပုဂ္ဂိုလ်ဖြစ်၏ဟု ယုံကြည်ယူဆသောကြောင့် ဖြစ်၏။ ဆိုကရေတီ အဆိပ်သောက်ပြီးနောက် ၁၀ နှစ်ကြာသောအခါ ဆိုဖစ် ပိုလီကရေတပ်[၁] သည် ဆိုကရေတီအား အေလကိဘီယာဒိအား အဆုံးအမ ဥပဒေသ ပေး၏ဟူ၍ စွပ်စွဲထား၏။ ၃၉၉ ဘီစီ၌ အေသင်၏ သမ္မတနိုင်ငံ အုပ်ချုပ်ရေးသည် တောင့်တင်းခိုင်မာခြင်း မရှိသေးဟု သတိပြုသင့်၏။

၄၁၁ ဘီစီနှင့် ၄၀၄ ဘီစီ တော်လှန်ပုန်ကန်မှု အကြောင်းအရာများကို မမေ့ကြသေးပေ။ ပေလိုပိုနေရှန်စစ်ပွဲ၌ အနိုင်ရသူ စပါတာသည် နေရာအနှံ့အပြား၌ လူနည်းစု အုပ်ချုပ်ရေးစနစ်ကို တည်ထောင်သည်။ အေသင်၌ လူနည်းစု အုပ်ချုပ်ရေးစနစ်ကို လိုလားသူတို့၏ ဦးရေသည် မနည်းလှပေ။ ၄၁၁ ဘီစီတော်လှန်ရေး၏ ခေါင်းဆောင်သည် အင်တီဖုန်းဖြစ်သည်။ ဆိုကရေတီသည် ထိုကဲ့သို့သော တော်လှန်ပုန်ကန်မှုမျိုးကို နောက်ထပ် ဖြစ်ပေါ်လာစေလိမ့်မည်မဟုတ်ဟု မည်သူ သိနိုင်မည်နည်း။ ထို့ကြောင့် အေသင်၏ သမ္မတနိုင်ငံ အုပ်ချုပ်ရေးကို ကာကွယ်ရန်အတွက် ဆိုကရေတီကို ဖယ်ရှားပစ်ဖို့ လိုအပ်နေပေသည်။

## "အပိုလိုဂျီ"၏ အဆို

ဆိုကရေတီအား တရားစွဲဆိုသည့်အကြောင်းကို ပလေတိုက သူ၏နာမည်ကျော်စာအုပ် အပိုလိုဂျီ၌ ရေးသားဖော်ပြထားသည်။ ဆိုကရေတီသည် အလွန်ထိရောက်သော စကားလုံးများဖြင့် ပြန်လည်ထုချေလျက် ဘာသာမဲ့၊ တရားမဲ့ဟူသော စွဲချက်ကို ချေဖျက်ခဲ့သည်။ လူငယ်များ၏ ကိုယ်ကျင့်တရားကို ဖျက်ဆီးပစ်သည်ဟူသော ဒုတိယ စွဲချက်ကို ပြန်လည် ထုချေလျက် ဆိုကရေတီက ဤသို့ ထုတ်ဖော်ပြောပြသည်။ "ကျွန်ုပ်သည် လူကြီးများနှင့် လူငယ်များအား သင်တို့သည် မိမိတို့၏ အသက်နှင့် စည်းစိမ်ကို ဂရုမစိုက်ကြနှင့်။ အဓိကအားဖြင့် မိမိ စိတ်နှလုံး၏ အကြီး

၁။ Polykratus

mgyoe.com

mgyoe.com

မားဆုံး ပြုပြင်ပြောင်းလဲမှုကို ဂရုစိုက်ကြဟူ၍ အဆုံးအမ ဥပဒေသ ပေးသည်မှတစ်ပါး အခြား မည်သည့်အရာကိုမျှ မပြုလုပ်ပေ။ ဥစ္စာစနေ ကြောင့် ကောင်းမှု[၁] ဖြစ်ပေါ်မလာပေ။ ကောင်းမှုကြောင့် ဥစ္စာစနေ ဖြစ်ပေါ် လာ၏ဟူ၍ ကျွန်ုပ် သင်တို့အား ပြောကြားပါ၏။ ယင်းသည်သာလျှင် ကျွန်ုပ်၏ အဆုံးအမ ဥပဒေသဖြစ်၏။ အကယ်၍ ယင်းအယူအဆ၊ ယင်းဝါဒသည် လူငယ်လူရွယ်များအား အကျင့်ပျက်စေသည်ဆိုလျှင် ကျွန်ုပ် အပြစ်ရှိသူ[၂] ဖြစ်ပါ၏။ အကယ်၍ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်က ယင်းအချက်သည် ကျွန်ုပ်၏ အဆုံးအမ ဥပဒေသမဟုတ်ဟု ပြောခဲ့သော် ထိုပုဂ္ဂိုလ်သည် မုသားစကားပြောဆိုခြင်းဖြစ်၏။ အို...အေသင်သူ အေသင်သားတို့၊ ကျွန်ုပ် သင်တို့အား ပြောလိုသည်မှာ သင်တို့သည် အေနီတပ် ပြောသည့်အတိုင်း လုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ၊ ကျွန်ုပ်ကို လွှတ်သည်ဖြစ်စေ မလွှတ်သည်ဖြစ်စေ သင်တို့ ကောင်းစွာ မှတ်သားထားရမည်မှာ ကျွန်ုပ် ဘယ်နှကြိမ် သေရ...သေရ မိမိ၏ လမ်းစဉ်ကိုမူ မည်သည့်အခါမျှ ပြောင်းလဲလိမ့်မည် မဟုတ်ပေ"

ယင်း အကြောက်အရွံ့ကင်းသော၊ ခိုင်ခံ့သော၊ တရားသူကြီး များအား စိန်ခေါ်လိုက်သော ထုချေချက်သည် တရားသူကြီးများ၏အပေါ် ဆန့်ကျင်ဘက် အနေအားဖြင့် ဩဇာသက်ရောက်မှုရှိသွားမည်မှာ မလွဲပေ။ တရားသူကြီး ၅၀၁ ယောက်အနက် ၂၈၁ ဦးတို့သည် ဆိုကရေတီအား အပြစ်ရှိသူဟု သတ်မှတ်ကြသည်။ ထိုနောက် တရားသူကြီးများသည် အပြစ်ဒဏ် သတ်မှတ်ဆုံးဖြတ်ရမည် ဖြစ်သည်။ ဆိုကရေတီအပေါ် စွဲချက်တင်သူများသည် သေဒဏ်အပြစ်ပေးရန် အဆိုပြုကြသော်လည်း ထိုကဲ့သို့သော သေဒဏ် အပြစ်ပေးခြင်းကိုမူ တရားသူကြီးတို့သည် မလိုလားကြပေ။

အေသင်၏ ဥပဒေ ပုဒ်မအရ အချို့ပြစ်မှုများ၌ အပြစ်ရှိသူအား

---

၁။ Virtue

၂။ Mischievous


mgyoe.com

mgyoe.com


သင့်လျော်သော အပြစ်ဒဏ်ရရှိပြီး ကြီးလေးသော အပြစ်ဒဏ် မရရှိစေရန် အပြစ်ရှိသူကိုယ်တိုင် အပြစ်ဒဏ်ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ အကြောင်းမူကား တရားသူကြီးများ အနေဖြင့်လည်း ယင်းအပြစ်ဒဏ် နှစ်မျိုးအနက် တစ်မျိုးမျိုးကို ရွေးချယ်ရမည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် အပြစ်ရှိသူအတွက် တရားသူကြီးများလက်ခံနိုင်သော အပြစ်ဒဏ်ကို ရွေးချယ်ခြင်းသည် အကျိုးရှိသည်။

ဆိုကရေတီသည် အကယ်၍ ထိုအချိန်၌ ပြည်နှင်ဒဏ် သို့မဟုတ် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ကို ရွေးချယ်ခဲ့ပါမူ ထိုအပြစ်ဒဏ်ကို တရားသူကြီးများအနေဖြင့် လက်ခံမည်သာ ဖြစ်သည်။ သို့ရာတွင် ဆိုကရေတီသည် မိမိကိုယ်ကို အပြစ်ရှိသူဟု မယူဆပေ။ ယင်းအခြေအနေ၌ အပြစ်ဒဏ်တစ်ခုခုကို ရွေးချယ်ခြင်းသည် မိမိ၏အပြစ်ကို ဝန်ခံခြင်းသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဆိုကရေတီသည် သူ့ကို အိုလံပစ် အောင်ပွဲရသူများကဲ့သို့ တစ်သက်ပတ်လုံး အစိုးရစရိတ်ဖြင့် **ပရိတေနီယံ**[၁]၌ နေဖို့ အစီအစဉ်



**အဆိပ်ခွက်ကို လှမ်းယူနေသော ဆိုကရေတီ**

၁။ Prytenium

mgyoe.com

mgyoe.com

ပြုလုပ်ပေးရန် သို့မဟုတ် သူ့အား အမည်ခံ မတ္တမျှ တစ်မိုင်နှာ (၄၅ ကျပ်လောက်နှင့် ညီမျှသော ဂရိဒင်္ဂါး) ဒဏ်ငွေတပ်ရန်ဟူသော အပြစ်ဒဏ်ကို ရွေးချယ်လိုက်လေသည်။ သူ့အား အပြစ်ရှိသူဟု သတ်မှတ်ဆုံးဖြတ်ထားကြသော တရားသူကြီးများအနေဖြင့် ဤမျှပေါ့သော အပြစ်ဒဏ်ကို သူ့အား ပေးဖို့ရန်မဖြစ်နိုင်သည်ဖြစ်၍ သေဒဏ်ပေးရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် ဆိုကရေတီသည် သူ၏ နိဂုံးချုပ်စကား၌ တရားသူကြီးများအား ဤသို့ ပြောပြခဲ့သည်။ "ခွဲခွာဖို့ရန် အချိန်ရောက်လာလေပြီ။ ကျွန်ုပ်တို့သည် ကိုယ့်လမ်းကိုယ် သွားကြ၏။ ကျွန်ုပ်သည် သေခြင်းလမ်းမှ၌ သွားသည်။ သင်တို့က ရှင်ခြင်းလမ်းမှ၌ သွားကြ၏။ ဘယ်လမ်းက မြင့်မြတ်သည်ဆိုသည်ကို ဘုရားသခင်ကသာ သိသည်"

## အသက်သေသော်လည်း ထာဝစဉ် အသက်ရှင်နေသူ

ဆိုကရေတီသည် သေခြင်းလမ်းစဉ်ကို တမင်ရွေးချယ်လိုက်သည် ဆိုသည်မှာ ယုံမှားသံသယဖြစ်စရာ မလိုပေ။ ဆိုကရေတီသည် အသက်ဆုံးရှုံးသွားရသော်လည်း ထာဝစဉ် အသက်ရှင်နေသည်။ အကြင်အယူအဆများအတွက် သေခြင်းဆုလာဘ်ကို သူ ရွေးချယ်ခဲ့၏။ ထိုအယူအဆများသည် ယနေ့ လူ့လောက၌ လေးစားမြတ်နိုးမှု ခံနေကြရသည်။

အတွေးအခေါ် လွတ်လပ်မှုအတွက် လည်းကောင်း၊ မိမိဝိညာဉ်က ပေးသော အမိန့်ညွှန်ကြားကို လိုက်နာဆောင်ရွက်ရန်အတွက် လည်းကောင်း ဆိုကရေတီသည် အဆိပ်ကို အမြိုက်သုဓာကဲ့သို့ပင် အပြုံးမပျက်ဘဲ သောက်ခဲ့သည်။ အကယ်၍ သူ စိတ်ဆန္ဒရှိခဲ့လျှင် အေသင်၌ မိမိ၏ ဝါဒဖြန့်မှုအလုပ်ကို ရပ်ပစ်ပါမည်ဟူသော ဝန်ခံချက်ဖြင့် သူ့အသက်ကို ကာကွယ်နိုင်သည်။ သို့ရာတွင် သူသည် မိမိ၏ အမှန်တရားကို ထုတ်ပြသည့် အခွင့်အရေးကို စွန့်လွှတ်လိုက်ဖို့ရန် အသင့်မရှိပေ။

သူ၏ မိတ်ဆွေသင်္ဂဟများက သူ့ကို အကျဉ်းထောင်မှ ထုတ်ယူရန် ကြိုးစားကြသေးသည်။ သို့ရာတွင် ဆိုကရေတီက ထိုကဲ့သို့ ပြုလုပ်ခြင်းကို သဘောမတူပေ။ အကြောင်းမူကား ထိုကဲ့သို့ ပြုလုပ်ခြင်းသည်

mgyoe.com

mgyoe.com

အေသင်၏ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်သောကြောင့် တည်း။ ဆိုကရေတီသည် ယင်းသို့အားဖြင့် ရာစုနှစ်များစွာမှ စတင်၍ လူသားများအတွက် အတွေးအခေါ် လွတ်လပ်မှု၏ မီးပြတိုက်သဖွယ် ဖြစ်လာခဲ့လေသည်။

## ဆိုကရေတီ၏ ဥပဒေသ

ဆိုကရေတီ၏ အဆုံးအမ ဥပဒေသ၊ ဆိုကရေတီ၏ ဘဝ၊ ဆိုကရေတီ၏ စွန့်လွှတ်မှုများကို သဘောကျပြီး ပုဂ္ဂိုလ်နှစ်ဦးသည် လောကီစည်းစိမ်ကို လျစ်လျူရှုခဲ့ကြသည်။ ကိုယ့်ခြေထောက်ဖြင့်ရပ်သည့် လွတ်လပ်သော ဘဝဖြင့် နေထိုင်ခဲ့ကြသည်။ ထို့ပြင် ထိုခေတ်လူ့လောက၏ ဓလေ့ ထုံးစံများကို ဆန့်ကျင်သည့် ဒဿနရေးရာ ဂိုဏ်းဂဏများကို တည်ဆောက် ကြသည်။ သရေစ်မှ **အင်တီစသင်နီ**[၁]သည် **ဆိနစ်**[၂]ဂိုဏ်းကို တည်ထောင် သူပုဂ္ဂိုလ် ဖြစ်သည်။ ဂရိဘာသာ၌ ဆိနစ်ဟူသော စကားလုံး၏ အဓိပ္ပာယ် မှာ ခွေးဖြစ်သည်။ ယင်းဂိုဏ်းဂဏ၏ အရေးပါအရာရောက်သူတစ်ဦး ဖြစ်သူ ဒါယိုဂျီနစ်အား ခွေးကဲ့သို့ လူလောက အားလုံး၏ ထုံးတမ်း စဉ်လာများကို လျစ်လျူရှုထားသောကြောင့် လူတွေက ယင်းအမည်နာမ ပေးထားခြင်းဖြစ်သည်ဟု အဆိုရှိသည်။

အခြား ဂိုဏ်းဂဏတစ်ခုကို တည်ထောင်သော **အေရီစတစ်ပပ်**[၃] သည် မြောက်အာဖရိကရှိ ဆိုက်ရိနီ (ယခုခေတ် ထရီပိုလီ)အမည်ရှိ မြို့၌ နေထိုင်သူဖြစ်သည်။ ယင်းမြို့၏အမည်ကို အခြေခံပြီးလျှင် သူ၏ နောက်လိုက်များအား **ဆိုက်ရင်နောက်စ်**ဟု ခေါ်ကြသည်။

ဆိနစ်တို့သည် ဆိုကရေတီ၏ မိမိကိုယ်ကို မိမိ သိမြင်ခြင်း ဟူသော အယူဝါဒကို အလေးအနက်ပြုလျက် လူသည် မိမိကိုယ်ကို

---

၁။ Antisthenes

၂။ Cynics

၃။ Aristipuss

mgyoe.com

mgyoe.com


မိမိ သိရှိနားလည်လျှင် အခြား အရာဝတ္ထု တစ်စုံတစ်ရာ မလိုတော့ဟု ပြောဆိုကြသည်။ ထို့ကြောင့် မိမိတို့၏လိုအပ်ချက်များကို အကျဉ်းချုံးလျက် ဆင်းရဲသောဘဝဖြင့်နေထိုင်ကြသည်။

ဆိုကရေတီသည် ဒီမိုကရေစီကို ဝေဖန်ရှုတ်ချသည်။ ဆိနစ်တို့ကမူ လူ့လောက၏ အဖွဲ့အစည်းအားလုံးကို တိုက်ဖျက်ကြသည်။ အိမ်ထောင်စုကို လည်းကောင်း၊ ဥစ္စာပစ္စည်းကို လည်းကောင်း၊ မြို့ပြည်နယ်ကို လည်းကောင်း အပြင်းအထန် ဆန့်ကျင်ဘက် ပြုကြသည်။ ကောင်းသော ဂုဏ်အရည်အချင်းနှင့် အသိဉာဏ်ပညာသည် အတွင်းသားထဲက အရာဝတ္ထုများ ဖြစ်ကြသည်။ ယင်းတို့ကိုရရှိရန်မှာ လူ၏ ရည်မှန်းချက်ဖြစ်သင့်သည်။

အပြင်အပ ဗဟိဒ္ဓ အရာဝတ္ထုများနှင့် လူ့လောကီ စည်းစိမ်ချမ်းသာများသည် အသိဉာဏ် ရရှိရေး၌ အနှောင့်အယှက် ဖြစ်ကြသည်။ ဤကမ္ဘာလောက၌ မည်သည့်အရာမှ ကိုယ့်ဟာမဟုတ်ပေ။ ပညာရှိသော စံပြယောကျာ်းသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်း၊ ငါစွဲ စွဲခြင်းများကို ရှောင်ရှားသင့်သည်။

ဒါယိုဂျီနစ် (၄၁၂–၃၂၃ ဘီစီ)က "အင်တီစသင်နိသည် ကျွန်ုပ်အား အဆုံးအမတစ်ခုပေးခဲ့သည်။ ယင်း အဆုံးအမကား ဤကမ္ဘာလောက၌ ကျွန်ုပ်ပိုင် အရာဝတ္ထု တစ်ခုသာလျှင် ရှိ၏။ ထိုအရာဝတ္ထုမှာ မိမိ၏ အယူအဆများကို လွတ်လွတ်လပ်လပ် တွေးခေါ်ကြံဆခြင်း ဖြစ်၏ဟူ၍ ညွှန်ကြားဆုံးမလေ့ ရှိသည်"ဟု ပြောသည်။

ဆိနစ်တို့သည် ရသေ့ရဟန်းများကဲ့သို့ ရိုးသားသော၊ တင်းကျပ်သောဘဝဖြင့် နေထိုင်ကြသည်။ လောကီစည်းစိမ်များကို ဆိနစ်တို့ တွယ်တာခြင်း၊ မက်မောခြင်း မရှိကြောင်းမှာ ဒါယိုဂျီနစ်၏ဘဝ၌ ဖြစ်ပျက်ခဲ့သော အောက်ပါ အဖြစ်အပျက်အရ ထင်ရှားသိသာသည်။ အလက်ဇန္ဒားသည် ဒါယိုဂျီနစ်၏ ဂုဏ်သတင်းကို ကြားရသောကြောင့် ဖူးတွေ့ရန် ရောက်ရှိလာသည်။ ထိုအချိန်၌ ဒါယိုဂျီနစ်သည် နေပူထဲတွင် ထိုင်နေသည်။ အလက်ဇန္ဒားဘုရင်သည် မိမိကိုယ်ကို မိမိ မိတ်ဆက်ရင်း

mgyoe.com

mgyoe.com


"ကျွန်ုပ် အလက်ဇန္ဒားဘုရင် ဖြစ်ပါ၏"ဟူ၍ ပြောလိုက်သည်။ ထိုအခါ "ကျွန်ုပ် ဆိနစ်ဒါယိုဂျီနစ် ဖြစ်ပါ၏"ဟူသော စကားပြန်ကို ဒါယိုဂျီနစ် ထံမှ ရရှိသည်။ အလက်ဇန္ဒားဘုရင်က "ဘာ အလိုရှိပါသနည်း"ဟူ၍ သူ့ကို မေးသောအခါ ဆိနစ်က "အသင် ကျွန်ုပ်၏ နေပူကို ဟန့်တားပြီး ရပ်နေသည်။ ဖယ်ပေးပါ"ဟူ၍ ပြန်ပြောလိုက်လေသည်

နိုင်ငံရေး အတွေးအခေါ်အားဖြင့် ကြည့်လျှင် ဆိနစ်တို့သည် ဂရိလောက၌ တော်လှန်ရေးအယူအဆသစ် များစွာကို မွေးဖွားပေးခဲ့သူများ ဖြစ်ကြသည်။

ပထမဆုံး အယူအဆမှာ ကမ္ဘာ့သူ ကမ္ဘာ့သား[၁] ဟူသော အယူအဆဖြစ်သည်။ ဆိနစ်တို့သည် မိမိတို့ကိုယ်ကို မြို့၊ ပြည်နယ် သို့မဟုတ် နိုင်ငံတစ်ခုခု၏ နိုင်ငံသားဟူ၍ မယူဆကြပေ။ ကမ္ဘာတစ်ခုလုံးကို ကိုယ့်အိမ် ကိုယ့်ယာဟူ၍ ထင်မှတ်အောက်မေ့ကြသည်။

ပလေတို၊ အရစ္စတိုတယ်နှင့် အခြား ဂရိ ဒဿနပညာရှင်များက လူ၏ တိုးတက်မှုအတွက် လိုအပ်သည်ဟု ယူဆသော မြို့ ပြည်နယ်[၂] ကို ဆိနစ်တို့က အနှောင့်အယှက် အဟန့်အတားဟူ၍ ယူဆကြသည်။ အလက်ဇန္ဒားသည် ကမ္ဘာ့အနှံ့ အင်ပါယာနိုင်ငံကို တည်ထောင်လျက် နိုင်ငံရေးနယ်ပယ်၌ ဆိနစ်တို့၏ အကြံအစည်ကို လက်တွေ့အကောင်အထည် ဖော်လိုက်သည်ဟူ၍ ပလူတက်[၃] က ရေးသားထားသည်။

ဒုတိယ အယူအဆမှာ လူအားလုံးအပေါ်၌ တူညီမျှတမှုထားခြင်းနှင့် ဆွေစိတ်မျိုးစိတ်ထားခြင်း ဖြစ်သည်။ ဂရိလူမျိုးတို့သည် အခြားသော လူရိုင်း လူမျိုးတို့ထက် မြင့်မြတ်သာလွန်၏ဟု ပလေတိုနှင့် အရစ္စတိုတယ်တို့က ယူသည်။ ဆိနစ်တို့က ယင်းအယူအဆကို ဆန့်ကျင်ပြီးလျှင် လူသားတို့၏ တူညီမျှတမှုနှင့် သွေးချင်းသားချင်းဟူသော အတွေးအခေါ်

---

၁။ Cosmopolitanism

၂။ Polis

၃။ Plutarch

mgyoe.com

mgyoe.com

သစ်ကို ထုတ်ဖော်ခဲ့ကြသည်။ ယင်းအတွေးအခေါ်သစ်သည် နောင်သော အခါ ခရစ်ယာန်ဘာသာနှင့် ချာ့ချ်အပေါ်၌ ဩဇာသက်ရောက်မှု ရှိသွား သည်။

တတိယ အယူအဆမှာ သဘာဝ ဘဝဆီသို့ လှည့်ပြန်သွားခြင်း ဖြစ်သည်။ ဆိနစ်တို့သည် ထိုခေတ်အခါက နိုင်ငံရေးဘဝနှင့် လူမှုရေး ဘဝကို အတုအပဖြစ်သည်ဟူ၍ လည်းကောင်း၊ သဘာဝမကျဟူ၍ လည်းကောင်း ထင်မှတ်ယူဆပြီးလျှင် လူသည် တိရစ္ဆာန်တို့၏ ဘဝမျိုးဖြင့် နေလေလေ ကောင်းလေလေဖြစ်၏ဟူ၍ ပြောဆိုကြသည်။ သူတို့၏ ကြွေးကြော်သံမှာ မြို့များ၊ ဥပဒေများ၊ အယောင်ဆောင် အတုအပ အဖွဲ့အစည်းများကို စွန့်ပစ်၍ တောများအတွင်းရှိ သဘာဝဆီသို့ လှည့်ပြန် ရန်ဖြစ်သည်။ ၁၈ ရာစုနှစ်၌ ရူးဆိုးသည်လည်း ယင်းကဲ့သို့ သဘာဝ အခြေအနေဆီသို့ ပြန်သွားရန် အကျောက်အကန် ပြောခဲ့သည်။

စတုတ္ထ အယူအဆမှာ ပုဂ္ဂလဝါဒ[၁] ဖြစ်သည်။ ပလေတိုနှင့် အရစ္စတိုတယ်တို့က ပုဂ္ဂိုလ်တိုးတက်မှုသည် မြို့ ပြည်နယ်နှင့် ကင်း၍ မဖြစ်နိုင်ဟူ၍ ပြောကြသည်။ အရစ္စတိုတယ်သည် ဆိနစ် ဒဿနပညာရှင် များ၏ တိရစ္ဆာန်ဆန်ဆန်နေရန်ဟူသော အယူအဆကို ပြက်ရယ်ပြုလျက် "မြို့နှင့်ကင်း၍ နေနိုင်၏ဟူ၍ စဉ်းစားတွေးတောသော သူသည် တိရစ္ဆာန် သော်လည်း ဖြစ်ရမည်။ သို့မဟုတ် နတ်ဒေဝတာသော်လည်း ဖြစ်ရမည်" ဟူ၍ ရေးထားသည်။ သို့ရာတွင် ဆိနစ်တို့၏ ပြောလိုရင်းမှာ ဤသို့ ဖြစ်သည်။ ပုဂ္ဂိုလ်၌ သူ့အလိုလို ပြည့်စုံမှု ရှိနေ၏။ ပုဂ္ဂိုလ်တစ်ဦးတစ် ယောက်သည် မိမိ တာဝန်ဝတ္တရား ပြီးမြောက်စေရေးအတွက် နိုင်ငံ မလိုပေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အမြင့်ဆုံးသော ရည်မှန်းချက်သည် မိမိကိုယ်ကို တိုးတက်ကြီးပွားရေး ဖြစ်သင့်သည်။

ပုဂ္ဂလဝါဒီ ဒဿန ပညာရှင်တို့၏ အယူအဆမှာလည်း လူ၏ ထုတ်ဆောင်ကယ်တင်ရေးနှင့် လွတ်လပ်ရေးအတွက် အသိဉာဏ်ပညာ

---

၁။ Individualism

mgyoe.com

mgyoe.com

သည် လုံလောက်၏ဟူသော အချက်ဖြစ်သည်။ လူ၏ ရည်မှန်းချက်မှာ သုခကိုရရှိရေး ဖြစ်သည်။ လူသည် ပစ္စုပ္ပန်ဖြင့်သာလျှင် နေသင့်သည်။ အတိတ်နှင့် အနာဂတ် ကြောင့်ကြမှုများဖြင့် စိတ်ဒုက္ခ ရောက်မနေသင့်ပေ။ ရှင်လန်းချမ်းမြေ့သော ဘဝဖြင့် နေထိုင်သွားရန်အတွက် ဆိနစ်တို့သည် နိုင်ငံ သို့မဟုတ် နိုင်ငံ၏ ဥပဒေပုဒ်မများ မလိုဟူ၍ ယူဆကြသည်။ ဥပဒေပုဒ်မများကို သဘာဝကျသည်ဟု မယူဆကြဘဲ အစဉ်အလာအရ ပြုလုပ်ထားသော[၁] အယောင်ဆောင် အတုအပ စနစ်များသာလျှင် ဖြစ်၏ ဟူ၍ ယူဆကြသည်။

■

---

၁။ Conventional

mgyoe.com

mgyoe.com

ပလေတို

mgyoe.com

mgyoe.com



ပလေတို (၄၂၇–၃၄၇ ဘီစီ)

mgyoe.com

mgyoe.com

၁

# ပလေတို၏ ဘဝ

အနောက်နိုင်ငံ၌ စံပြစိတ်ကူးနိုင်ငံ[၁] စီမံကိန်းကို ရှေးဦးစွာ တင်ပြသူမှာ ခေါမ ဒဿနပညာရှင်ကြီး ပလေတို ဖြစ်သည်။ ပလေတိုသည် (၄၂၈–၂၉)ဘီစီ၌ အေသင်၏ ရှေးကျသော၊ ထင်ရှားကျော်စောသော၊ ကုံလုံကြွယ်ဝသော အမျိုးအနွယ်၌ ဖွားမြင်သည်။[၂] ပလေတိုကို ဖွားမြင်သည့် အချိန်ကာလမှာ မဇ္ဈိမဒေသ၌ ဗုဒ္ဓ (၅၆၇–၄၈၇ ဘီစီ) ပရိနိဗ္ဗာန်စံပြီးနောက် အနှစ် ၅၀ ကျော်လာခဲ့ပြီဖြစ်သည့် အချိန်ဖြစ်သည်။ အေသင်၌မူ တစ်နှစ်အလွန်က ပေရီကလီ ကွယ်လွန်ခဲ့ပြီး ပေနိုပိုနီရှန်စစ်ပွဲ၌ စပါတာနှင့် စစ်တိုက်နေသည့်အချိန် ဖြစ်သည်။ ပလေတို၏ ဖခင် ပရီစတန်သည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ မိခင်၏ အမျိုးအနွယ်မှာမူ အေသင်၏ ထင်ပေါ်ကျော်ကြားသော ဥပဒေများကို စီစဉ်သူ ဆိုလန်နှင့် ဆက်နွယ်နေသည်။ ပလေတိုသည် အဘက်ဘက်က ကုသိုလ်ကံထူးသူ ဖြစ်သည်။ အမျိုးအနွယ် မြင့်မြတ်သည်။ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝသည်။ ရုပ်ရည်ရူပကာယ လှပတင့်တယ်သည်။ ကျန်းမာရေးနှင့် ပြည့်စုံသည်။ ဉာဏ်ပညာ ထက်မြက်သည်။

---

၁။ Utopia

၂။ Taylor, Plato

mgyoe.com

mgyoe.com

ပလေတို၏အမည်ရင်းမှာ **အရစ္စတိုကလိ**[၁] ဖြစ်သည်။ သို့ရာတွင် သူ၏ တောင့်တင်းကျယ်ပြန့်သော ပခုံးများကြောင့် သူ၏ နပန်းဆရာက သူ့အား ပလေတို[၂] ဟူသော အမည်နာမ ပေးထားသည်။ ငယ်ရွယ်စဉ်ကာလက နေလာခဲ့သော အိမ်ထောင်စုရှိ ပုဂ္ဂိုလ်များမှာ ခေတ်အဆက်ဆက်ကစ၍ နိုင်ငံရေးတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြသူများ ဖြစ်သည်။ ဘဝ၏ နောက်ပိုင်းအချိန်ကာလ၌ ရေးသော **သတ္တမ ပေးစာ**[၃] ၌ ပလေတိုသည် အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် လူ့လောကအတွင်း ဝင်ရောက်မည်ဟု လူငယ်ပေါင်းများစွာတို့ကဲ့သို့ စိတ်ကူးခဲ့၏ဟူ၍ ရေးသားထားသည်။ ယင်းသို့ ပြုလုပ်ရန် အခွင့်ကောင်းကိုလည်း သူ့အနေဖြင့် ရရှိခဲ့လေသည်။

၄၀၄ ဘီစီ၌ တော်လှန်ပုန်ကန်မှုတစ်ရပ်ဖြင့် အေသင်၌ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်၏ နေရာတွင် **သက်ဦးဆံပိုင် ၃၀**[၄] တို့၏ အုပ်ချုပ်ရေးကို တည်ထောင်ကြသည်။ ယင်းသို့ ပြုလုပ်ရာ၌ ကရိတိယက်အစရှိသော သူ၏မိဘဆွေမျိုးများလည်း ပါဝင်ကြသည်။ သူ၏ ဆွေမျိုးများက သူ့ကို အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောဆိုကြသည်။ သို့ရာတွင် ယင်းတို့၏ အပြုအမူများကြောင့် ပလေတိုသည် မကျေမနပ် ဖြစ်ခဲ့ရသည်။ မကြာမီအတွင်း၌ပင် ယင်းတို့၏ မဖွယ်ရာသော အပြုအမူများကြောင့် ဒီမိုကရေစီအစိုးရကို ပြန်လည် တသလာခဲ့ကြသည်။ ထို့နောက် မကြာမီမှာပင် အေသင်၌ နောက်ထပ် တော်လှန်ပုန်ကန်မှုတစ်ရပ်ဖြင့် ဒီမိုကရေစီဝါဒီများက အုပ်ချုပ်ရေးအာဏာကို သိမ်းပိုက်လိုက်ကြသည်။

ပလေတိုသည် အစပထမ၌ ယင်းဒီမိုကရေစီတို့ကို သဘောကျ

---

၁။ Aristoclese

၂။ ပလေတို၏ ဂရိအသံထွက်အမှန်မှာ ပလာတုန် ဖြစ်သည်။

၃။ Seventh Epistel

၄။ Thirty Tyrants

mgyoe.com

mgyoe.com

သလိုလို ရှိခဲ့သော်လည်း မကြာမီအတွင်း၌ပင် ယင်းတို့၏ မဖွယ်မရာသော အပြုအမူများကြောင့်၊ အထူးအားဖြင့် ဆိုကရေတီအား သေဒဏ် အပြစ်ပေးလိုက်ခြင်းကြောင့် နိုင်ငံရေးကို ငြီးငွေ့မုန်းတီးသွားလေသည်။

အသက် ၁၈၊ ၂၀ အရွယ်၌ ပလေတိုသည် ဆိုကရေတီနှင့် ရင်းနှီးမှု ရှိလာခဲ့သည်။ အပြင်ပန်း အနေအထားဖြင့်ကြည့်လျှင် သူတို့နှစ်ဦးသည် မိုးနှင့်မြေကြီးပမာ ကွာခြားလှသည်။ နှာခေါင်းတိုတို၊ နှုတ်ခမ်းထူထူ၊ ဂရိတောနတ် "ဆေတာ"နှင့် အလားတူသော ရုပ်ဆိုးဆိုး မွဲခြောက်ခြောက် ဒဿနပညာရှင် ဆိုကရေတီနှင့် ရုပ်အဆင်းလှပသော ဂရိနတ် အပိုလိုနှင့် အလားတူစွာ ရုပ်ရည်ရူပကာယ လှပသော၊ နပန်းအတတ်ပညာနှင့် ကဗျာအတတ်ပညာ၌ ကျော်စောမှု ရရှိနေသော မျိုးကောင်းဆွေသန့် လူရည်တတ် ပလေတိုသည် မည်သို့မျှ တူညီစရာ အကြောင်းမရှိပေ။ သို့ရာတွင် ဆိုကရေတီ၏ အဆုံးအမ ဉပဒေသများသည် ပလေတိုအား စွဲဆောင်ခဲ့သည်။ အေလကီဘီယာဒီ၏ ပြောပြချက်အရ ဆိုကရေတီသည် အေသင်ရှိ ဈေးဆိုင်များ၌ ရောင်းချသော ကစားစရာတစ်မျိုးနှင့် အလားသဏ္ဌာန်တူသည်။ ယင်းကစားစရာ၏ အပြင်အပ ပုံသဏ္ဌာန်မှာ ကပျက်ကချော်ဖြစ်သော်လည်း ဖွင့်ကြည့်လိုက်သောအခါ၌မူ အတွင်း၌ နတ်ရုပ်တုကို တွေ့ရှိရသည်။

ပလေတိုသည် ဆိုကရေတီ၏တပည့်ဖြစ်လာခဲ့သည်။ ဆိုကရေတီအပေါ် စွဲချက်တင်သောအခါ ပလေတိုသည် တရားရုံးတွင် ရှိနေသည်။ ဆိုကရေတီအတွက် အာမခံပေးဖို့ရန်ပင် အဆိုပြုခဲ့သည်။

ဆိုကရေတီအား အဆိပ်သောက်သေစေသည့် အပြစ်ဒဏ်ပေးသောအခါ ပလေတို၏အသက်မှာ ၂၈ နှစ်ရှိနေပြီ။ ယင်းအဖြစ်အပျက်သည် ပလေတိုအပေါ်တွင် လေးနက်စွာ သြဇာသက်ရောက်မှုရှိသွားသည်။ ယင်းအဖြစ်အပျက်ကြောင့် ပလေတိုသည် နိုင်ငံရေးကို မျက်နှာလွှဲလိုက်ပြီးလျှင် ဒဿနပညာ သုတေသီ ဖြစ်သွားလေသည်။ သူ၏ သတ္တမ ပေးစာ၌ ပလေတိုက ဤသို့ရေးသားထားသည်။ "ထို့နောက် ငါသည် ဒဿနပညာနှင့် ပတ်သက်၍ ဤသို့ ချီးကျူးစကား

mgyoe.com

mgyoe.com

ပြောရတော့၏။ ဒဿနပညာအားဖြင့်သာလျှင် လူသည် ပြည်သူလူထု၏ တရားမှုအသွင်အပြင်နှင့် တစ်ဦးချင်း၏ တရားမှုအသွင်အပြင်ကို သိရှိနားလည်နိုင်သည်။ အကြင်မျှလောက် ကာလပတ်လုံး တော်တည့် မှန်ကန်သော ဒဿနပညာရှင် (ဒဿနိက) လူတန်းစားသည် နိုင်ငံရေး ရာထူးဌာနန္တရများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မရှိ၊ သို့မဟုတ် နိုင်ငံ၏ အုပ်ချုပ်သူများအနေဖြင့် ဘုရားသခင်အမိန့်အရ ဒဿနပညာများကို လေ့လာခြင်း မပြု။ ထိုမျှလောက်ကာလပတ်လုံး တိုင်းနိုင်ငံသည် ဘေးအန္တရာယ်မကင်းဟု ငါ ပြောကြားသည်"

၃၉၉ ဘီစီ၌ ဆိုကရေတီအား သေဒဏ်ပေးပြီးသည့် နောက်ပိုင်းတွင် ဆိုကရေတီ၏ တပည့်ဖြစ်သည်က တစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သူဖြစ်သည်က တစ်ကြောင်း ပလေတိုအတွက် အေသင်၌နေရန် လုံခြုံမှု မရှိတော့ပေ။ ထို့ကြောင့် ပလေတိုသည် အေသင်အနီးရှိ **မေဂရာ** မြို့[၁]သို့ အဖော်တစ်စုနှင့် အတူတကွ ထွက်ခွာသွားလေသည်။ ထိုမှ နောက်ပိုင်းဖြစ်သော သူ၏သမိုင်းသည် ၁၂ နှစ်တိတိ တိမ်မြုပ်နေသည်။ ဇာတ်မြုပ်နေသော သူ၏ ယင်းအချိန်ကာလနှင့် ပတ်သက်၍ တစ်ဆင့်စကား တစ်ဆင့်ကြား ပြောကြားကြသည်မှာ ယင်းအချိန်ကာလ အတောအတွင်း၌ ပလေတိုသည် အသိဉာဏ်ပညာရရှိရေးအတွက် အီဂျစ်၊ အီတလီစသော နိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည်။ ဂင်္ဂါမြစ်ကမ်းရှိ မဇ္ဈိမဒေသ နိုင်ငံသို့အထိ ခရီးလှည့်လည်ခဲ့သည်ဟုပင် အချို့က ပြောဆိုကြသည်။[၂]

၁၂ နှစ်တိတိ ပလေတိုသည် နိုင်ငံတကာ၊ ဒေသတကာတို့တွင် ခရီးလှည့်လည်ပြီးလျှင် အယူအဆ ဝါဒအမျိုးမျိုးကို သင်ကြားလေ့လာခဲ့သည်။ အကယ်၍ ပလေတိုသည် ရုပ်ဝတ္ထုသဘောအရ သို့မဟုတ် လက်တွေ့သဘောအရ ဤမျှ ခရီးလှည့်လည်ခြင်း မရှိစေကာမူ စိတ်ပိုင်း

၁။ Megare

၂။ Will Durant, Story of Philosophy

mgyoe.com

mgyoe.com


ဆိုင်ရာ သို့မဟုတ် စာတွေ့အရမှု ယင်းနိုင်ငံများမှ အတွေးအခေါ် ပညာရှင်တို့၏ အယူအဆ ဝါဒများကို လေ့လာတတ်မြောက်ပြီးသားပင် ဖြစ်သည်။ ပိုက်သာဂိုးရပ်၏ ဝါဒများအကြောင်းကို သိရှိနားလည်ရန်နှင့် ဒဿနပညာရှင်များ၏ အုပ်ချုပ်ရေးကို ကြည့်ရှုရန်အတွက် ပလေတိုသည် ၃၈၇ ဘီစီ၌ အီတလီနှင့် စစ္စလီသို့ သွားခဲ့သည်။ စစ္စလီ ဆီရာကျူ တိုင်းပြည် ဒီယွန်အမည်ရှိ အလွန်ယဥ်ကျေးသိမ်မွေ့သော ပုဂ္ဂိုလ်နှင့် လည်းကောင်း၊ ထိုတိုင်းပြည်၏ဘုရင် ဒီယိုနီဆီယပ် ပထမနှင့် လည်းကောင်း တွေ့ဆုံခဲ့သည်။ သူ၏ နှိုးဆော်ချက်ကြောင့် ဒီယိုနီဆီယပ်သည် ဒဿနပညာရှင် ဘုရင်ပြုလုပ်ရန် အသင့်ဖြစ်ခဲ့သည်။ သို့ရာတွင် ပလေတို က ရီပတ်ဗလစ်၏ ဝါဒသဘောတရားများကို သင်ကြားပို့ချပေးပြီး ဒီယိုနီဆီယပ်၏ တရားမျှတမှုမရှိသော အသက်ဦးဆံပိုင် အုပ်ချုပ်ရေးကို အပြင်းအထန်ဝေဖန်သောအခါ၌ ဒီယိုနီဆီယပ်သည် ပလေတိုအား စပါတာ သံအမတ်၏ လက်ထဲအပ်နှံလိုက်လေသည်။

စပါတာသံအမတ်သည် ပလေတိုအား ကျေးကျွန်အဖြစ်ဖြင့် အေဂျိုင်နာ[၁] ကျွန်း၌ ရောင်းချလိုက်လေသည်။ မိတ်ဆွေဟောင်းတစ်ဦး ဖြစ်သော အနီကယ်ရစ်က ပလေတိုကို ဝယ်၍ ကျွန်ဘဝက လွတ်မြောက်စေပြီးလျှင် အေသင်သို့ ပြန်ပို့လိုက်လေသည်။ ပလေတိုကို ကြည်ညို သူများက ငွေကြေးစုဆောင်းပြီးလျှင် အနီကယ်ရစ်အား သူ၏ကြေးငွေကို ပြန်ပေးဖို့ လုပ်ကြသည်။ သို့ရာတွင် အနီကယ်ရစ်က လက်မခံသော ကြောင့် ထိုကြေးငွေဖြင့် အေသင်၏အပြင်ဘက်၌ အကာဒမီကတ်[၂] ဥယျာဉ်ကို ဝယ်ယူလိုက်သည်။ ထိုဥယျာဉ်၌ ပလေတိုသည် ၃၈၃ ဘီစီတွင် ကျောင်းဖွင့်လှစ်လိုက်လေသည်။ ယင်းကျောင်းကား ပလေတို၏ ထင်ရှားကျော်ကြားသော အကယ်ဒမီ ဖြစ်လေသည်။ ဥရောပ၏ ပထမဆုံး တက္ကသိုလ်ဟူသော ဂုဏ်သိက္ခာကိုရရှိသော ယင်းအကယ်ဒမီသည်

---

၁။ Aegina

၂။ Academicus

mgyoe.com

mgyoe.com


ခရစ်နှစ် ၅၂၉ ခုနှစ် ရောမဘုရင် ဂျစ်စတနီယံက ပိတ်ပစ်လိုက်သည် အထိ အနှစ်ကိုးရာတိတိ တည်မြဲရှည်ကြာခဲ့လေသည်။ ပလေတိုအား ကျေးကျွန်အဖြစ်ဖြင့် ရောင်းချခဲ့သည်ဟူသော အချက်နှင့် စပ်လျဉ်း၍ တကယ် ဟုတ် မဟုတ် သံသယဖြစ်ဖွယ်ရှိသော်လည်း ပလေတိုသည် အသက် ၄၀ အရွယ်၌ အကယ်ဒမီကို တည်ထောင်ခဲ့သည်ဆိုသည့် အချက်နှင့် အချက်တို့မှာမူ လင်းပါးဖွယ်ရာ မရှိပေ။ ယင်းအကယ်ဒမီသည် ဥရောပတိုက်သမိုင်း၌ အလွန်အရေးပါအရာရောက်သော ပညာသင်ကြားရာ နေရာဌာန ဖြစ်ခဲ့သည်။

ပေလိုပိုနီရှန်စစ်ပွဲ၌ အရှုံးပေးလိုက်ရပြီးသည့်နောက် အေသင်၏ နိုင်ငံရေးသိက္ခာ အပြီးသတ်သွားခဲ့သော်လည်း အေသင်သည် နိုင်ငံရေးအစား ကူးသန်းရောင်းဝယ်ရေး အချက်အချာဌာန ဖြစ်လာခဲ့လေသည်။ အကယ်ဒမီ တည်ထောင်ပြီးသည့် နောက်ပိုင်းတွင်မူကား အေသင်သည် ဂရိတစ်နိုင်ငံလုံး၏ ပညာရေး ဗဟိုအချက်အချာဌာန ဖြစ်လာခဲ့သည်။ ထိုအချိန်မတိုင်မီက အေသင်၌ အပြင်အပမှ လာရောက်ကြသည့် နိုင်ငံရပ်ခြား ဆိုဖစ် သို့မဟုတ် ဆိုဖီတို့က ပညာကို သင်ကြားပို့ချပေးကြသည်။ ထိုအချိန်၌မူ အေသင်၏ အကယ်ဒမီ၌ လေ့လာဆည်းပူးရန်အတွက် အခြား ဂရိပြည်နယ်များမှ ပညာလိုလားသူ ကျောင်းသားများ လာရောက်ကြလေသည်။ ယင်းသို့အားဖြင့် အရစ္စတိုတယ်သည် ဂရိမြောက်ပိုင်း မက်ဆီဒိုးနီယားပြည်နယ်ရှိ စတယ်ဂီရာအမည်ရှိ မြို့မှ ပညာသင်ကြားဆည်းပူးရန် အေသင်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်၌ အေသင်သည် **ဂရိလူမျိုးတို့၏ စာသင်ကျောင်း**[၁] ဖြစ်လာသည်။

အကယ်ဒမီ၌ ဂဏန်းသင်္ချာ စသော ရုပ်ပိုင်း သိပ္ပံရပ်များကို အဓိကထားလေသည်။ အကယ်ဒမီ၏အဝင်တံခါး၌ "ဂဏန်းသင်္ချာ မတတ်ဘဲ ကျောင်း၌ မည်သူမျှ ဝင်ရောက်ခွင့် မရှိ"ဟူသော စာတန်းကို

---

၁။ School of the Hellas

mgyoe.com

mgyoe.com

ရေးသားထားသည်ဟု ပြောဆိုကြသည်။ သို့ရာတွင် တစ်ပြိုင်နက်တည်း မှာပင် အကယ်ဒမီ၌ နိုင်ငံရေးသမား၊ ဥပဒေပြု၊ ဒဿနပညာရှင် (ဒဿနိက)၊ အုပ်ချုပ်ရေးသမားများ ဖြစ်ရန်အတွက်လည်း သင်ကြား ပေးသည်။ ပလေတိုသည် အကယ်ဒမီ၌ အုပ်ချုပ်ရေးပညာများကို သင်ကြားပေးပြီးလျှင် ထိုခေတ်နိုင်ငံရေး၏ အပြစ်အနာအဆာများကို ပြုပြင်ပြောင်းလဲပစ်လိုသည့် ဆန္ဒရှိသည်။ ယင်းဆန္ဒမှာ တိုင်းပြည်အကျိုး ကို သယ်ပိုးဆောင်ရွက်ခဲ့သည့် သူ့မိဘ ဘိုးဘွား အစဉ်အလာနှင့်လည်း ကိုက်ညီသည်။

၃၆၇ ဘီစီ၌ ပလေတိုကို ကျေးကျွန်အဖြစ်ဖြင့် ရောင်းချခဲ့သော ပထမ ဒီယိုနီဆီယပ်ဘုရင် ကွယ်လွန်သွားပြီးသည့်နောက် အသက် ၃၀ နှစ်အရွယ်ရှိ ဒုတိယ ဒီယိုနီဆီယပ်ဘုရင် ထီးနန်းဆက်ခံ စိုးစံသည်။ ထိုဘုရင်သည် ဒီယွန်၏ တိုက်တွန်းနှိုးဆော်ချက်ဖြင့် ဒဿနပညာရှင် ဘုရင်လုပ်ရန်အတွက် ပညာသင်ကြား ဆည်းပူးရန် စိတ်ဆန္ဒရှိလာခဲ့သည်။ ဒီယွန်သည် ပလေတိုအား ဆီရာကျူးသို့ လာရောက်ပြီးလျှင် မိမိ အကြံ အစည်ကို အကောင်အထည်ဖော်ရန် တိုက်တွန်းတောင်းပန်ခဲ့လေသည်။ ပလေတိုသည် ထိုအချိန်၌ အသက် ၆၀ ရှိနေလေပြီ။ သူ၏ ပထမ ဆီရာကျူး အတွေ့အကြုံသည် ဆင်းရဲဒုက္ခ ပေါင်းစုံသည်။ သို့ရာတွင် ဆီရာကျူးသို့မသွားလျှင် သူနှင့် သူ၏ကျောင်းအား စိတ်ကူးယဉ်သာ ဖြစ်မည်။ လက်တွေ့ အကောင်အထည်ဖော်၍မရဟု ထင်မှတ်ကြလိမ့်မည် ဟူ၍ စဉ်းစားဆင်ခြင်လျက် ဆီရာကျူးသို့ သွားခဲ့လေသည်။ ဆီရာကျူးသို့ ပလေတို သွားရောက်ခြင်း၏ နောက်တစ်ကြောင်းမှာလည်း ပလေတိုသည် ဆီရာကျူးနှင့် စစ္စလီရှိ မြို့ရွာ ဇနပုဒ်အားလုံးကို စည်းရုံးပြီးလျှင် ကာသေ့[၁] ၏အန္တရာယ် ကာကွယ်လိုသည့်ဆန္ဒရှိခြင်း ဖြစ်သည်။ ပလေတိုက "အကယ်၍ ငါ ဆီရာကျူးသို့မသွားလျှင် မိမိအမြင်၌ မိမိကိုယ်တိုင် ရှက်ဖွယ်ဖြစ်နေ၏ "ဟူ၍ ရေးသားထားသည်။

၁။ Carthage

mgyoe.com

mgyoe.com

အစပထမ၌ ပလေတိုသည် အုပ်ချုပ်သူအား ဒဿနပညာရှင် (ဒဿနိက)ဖြစ်အောင် ပြုလုပ်ရေး၌ အသင့်အတန် အောင်မြင်မှုရခဲ့သည်။ ဘုရင်အား ဂျော်မက်ထရီကို စတင်သင်ကြားပေးသည်။ ဘုရင်ကို အားကျလျက် အခြား နန်းတွင်းသားများလည်း ဂျော်မက်ထရီကို လေ့လာသင်ကြားကြသည်။ သို့ရာတွင် ယင်းအခြေအနေသည် တာရှည်မခံပေ။ ဒီယိုနိဆိယပ်ဘုရင်သည် စိတ်တည်ငြိမ်မှု မရှိပေ။ မကြာမြင့်မီမှာပင် ပညာသင်ကြားရသည်ကို ငြီးငွေ့သွားသည်။ ကပ်ပါးရပ်ပါးများကလည်း ဒီယွန်သည် ဘုရင်အား ဒဿနပညာရှင်ဘုရင် လုပ်မည့်အစား သူကိုယ်တိုင် ဘုရင်လုပ်လိုသည့်ဆန္ဒ ရှိနေသည်ဟူ၍ ဒီယိုနိဆိယပ်အား ကတုံးကတိုက် ပြုလုပ်ကြသည်။

ယင်းသို့အားဖြင့် ဒီယိုနိဆိယပ်ဘုရင်နှင့် ဒီယွန်တို့သည် တစ်ဦးနှင့်တစ်ဦး အခန့်မသင့် ဖြစ်လာခဲ့ရာမှ မည်မျှအခြေအနေ ဆိုးရွားလာသနည်းဟူမူ ဘုရင်သည် ဒီယွန်အား ပြည်နှင်ဒဏ်ပေးခြင်း၊ ဒီယွန်၏ စည်းစိမ်ဥစ္စာကို သိမ်းပိုက်ခြင်း၊ ဒီယွန်၏မယားကို အခြားယောကျ်ားတစ်ဦးနှင့် လက်ထပ်ပေးခြင်းများ ပြုလုပ်သည်အထိ ဖြစ်လာခဲ့သည်။ ပြည်နှင်ဒဏ်ပေးခြင်းကို နိုင်ငံရပ်ခြား၌ အနားယူနေခြင်းဟူ၍ လည်းကောင်း၊ မြေယာနှင့် မယားကို သိမ်းပိုက်ရသည့်အတွက် ပစ္စည်းရေး၊ အိမ်ထောင်ရေး ကြောင့်ကြမှုကင်းဝေးသွားပြီဟူ၍ လည်းကောင်း မှတ်သင့်၏ဟူ၍ ဒီယွန်အား ပြောပြလိုက်သေးသည်။ ထိုအခါ ပလေတိုသည် စိတ်ပျက်သွားပြီးလျှင် အေသင်သို့ ပြန်ခြင်းသာလျှင် သူ့အတွက် ကောင်းလိမ့်မည်ဟူသော အကြံဖြစ်ပေါ်လာသည်။ အေသင်သို့ ပြန်သွားပြီးနောက် တာရင့်တန်[၁]မှ ဒဿနပညာရှင် အာချီတပ်[၂]နှင့် တွေ့ဆုံရင်းနှီးမှု ဖြစ်ခဲ့လေသည်။ ယင်းတွေ့ဆုံရင်းနှီးမှုကြောင့် နောင်သောအခါတွင် ပလေတိုသည် အကျိုးများစွာ ဖြစ်ထွန်းခဲ့သည်။

---

၁။ Tarentan

၂။ Archytas

mgyoe.com

mgyoe.com

၃၆၁ ဘီစီ၌ ဒီယိုနီဆိယပ်သည် ပလေတိုအား ဆီရာကျူသို့ လာရန် ပင့်ဖိတ်လေသည်။ ပလေတိုထံမှ ပညာသင်ကြားလိုသည့် အကြောင်းနှင့် ပလေတို၏ ဆုံးမဩဝါဒအတိုင်း လိုက်နာကျင့်ကြံပါမည် ဆိုသည့် အကြောင်းကိုလည်း ပြောပြလေသည်။ ဒီယွန်ကမူ ပြည်နှင် ဒဏ်ခံနေရတုန်းပင် ရှိသေးသည်။ ပြီးခဲ့သည့်အကြိမ်က ဆိုးရွားသော အတွေ့အကြုံကြောင့် ပလေတိုသည် အသက် ၅၆ နှစ်အရွယ်တွင် ဆီရာကျူသို့ တတိယအကြိမ်မြောက် ခရီးထွက်ရန် စိတ်မပါ့တပါ ဖြစ်နေခဲ့သည်။ သို့ရာတွင် တာရင်တန်ဘုရင်၏ အတင်းအကျပ် တိုက်တွန်းနှိုးဆော်မှုကြောင့် ဆီရာကျူသို့ သွားခဲ့သည်။

ပလေတိုသည် ဒီယိုနီဆိယပ်အား ဒဿနပညာ သင်ကြားမှု၏ အခက်အခဲများကို ပြောပြသည်။ ဒီယွန်အပေါ်တွင် ပြုမူခဲ့သော မတရားမှုကိုလည်း ဖယ်ရှားပစ်ရန် ပြောပြသည်။ ထို့ကြောင့် ပလေတိုနှင့် ဒီယိုနီဆိယပ်တို့ အဆင်မပြေ ဖြစ်ကြပြန်ရာ ပလေတိုသည် ချက်ချင်းပင် မိမိကိုယ်ကို အကျဉ်းသား ဖြစ်နေသလားဟူ၍ စဉ်းစားရသည့် အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ မိတ်ဆွေဖြစ်သူ တာရင်တန်ဘုရင်၏



ပလေတို၏ အကာယ်ဒမီ

mgyoe.com

mgyoe.com


ကြားဝင်မှုကြောင့်သာလျှင် ပလေတိုသည် ဆားမသိ ရန်မခံဘဲ အေသင်သို့ ပြန်လာနိုင်ခဲ့သည်။

အသက် ၈၁ နှစ်အရွယ်၌ တပည့်တစ်ဦးက တောင်းပန်သော ကြောင့် ညဥ့်အချိန်တွင် ပလေတိုသည် လက်ထပ်မင်္ဂလာ အခမ်းအနား တစ်ခုသို့ တက်ရောက်ခဲ့လေသည်။ ရုတ်ရုတ်သဲသဲဖြစ်နေသော လက်ထပ်ပွဲ၌ ထိုင်နေရသည့်အတွက် ပင်ပန်းနွမ်းနယ်လာသည်ဖြစ်၍ အခြား အခန်းတစ်ခုထဲသို့ သွားရောက် အပန်းဖြေနေခဲ့သည်။ နောက်တစ်နေ့ နံနက်စောစော လက်ထပ်မင်္ဂလာပွဲ ပြီးသွားသောအခါ သတို့သားဖြစ်သူက ဆရာကို ကန်တော့ရန် ထိုအခန်းထဲသို့ ဝင်သွားသည်တွင် ပလေတိုအား မထသော အိပ်ခြင်းဖြင့် အိပ်ပျော်နေသည်ကို တွေ့ရလေသည်။

■

mgyoe.com

mgyoe.com

## ၂

# ပလေတို၏ ကျမ်းစာများ

ပလေတိုသည် ကျမ်းဂန်ရေးသားလိုသူတစ်ယောက် မဟုတ်ပေ။ "ကျမ်းဂန်များသည် ပန်းချီကားများထဲတွင် ရေးဆွဲထားသော လူရုပ်ကဲ့သို့ အသက်ဇီဝိန် ကင်းမဲ့သည်။ ကျမ်းဂန်များသည် ငါတို့၏ ယုံမှားသံသယများနှင့် သိလိုသည့် စိတ်ဆန္ဒများကို ဖယ်ရှားဖျောက်ခြင်းငှာ မစွမ်းနိုင်ကြပေ" ဟူ၍ ပလေတိုက ပြောပြခဲ့ဖူးသည်။ သို့ရာတွင် ပလေတို၏အမည်နာမနှင့် ရှိနေသော ကျမ်းဂန်များစာရင်း၌ ၃၆ ကျမ်း သို့မဟုတ် ၃၈ ကျမ်း ရှိနေသည်။ ယင်းကျမ်းဂန်များအနက် စံထားလောက်သည့် ကျမ်းဂန်များမှာ ကျမ်း ၂၀ မျှသာရှိသည်။ ယင်းကျမ်းဂန်များအနက် ရီပတ်ဗလစ်၊ နိုမိုအီ (Laws) ကဲ့သို့သော အချို့ ကျမ်းဂန်များမှာ ကျမ်းကြီးကျမ်းခိုင်များဖြစ်ကြပြီးလျှင် အိယွန်ကဲ့သို့သော အချို့သော ကျမ်းဂန်များမှာမူ အလွန်တရာ သေးငယ်သော ကျမ်းငယ်ကလေးများ ဖြစ်ကြသည်။

ပလေတို၏ စံထားလောက်သည့် ကျမ်းအားလုံးကို ဘားနတ်က တည်းဖြတ်သုတ်သင်၍ အောက်စဖို့ဒ်မှ ရိုက်နှိပ်ထုတ်ဝေထားရာ စာမျက်နှာ ၂၆၆၂ မျှရှိသည်။

သူ၏ ကျမ်းဂန်ဟူသမျှသည် အမေးအဖြေ အချေအတင် စကားပြောဟန်[၁]ဖြင့် ရေးသားထားသော ကျမ်းများဖြစ်ကြသည်။ သူ၏ ကျမ်းစာအားလုံး၌ နောက်ဆုံးပိတ် အယူအဆ၊ နောက်ဆုံးပိတ် ဝါဒဘက်မှ နေသူပုဂ္ဂိုလ်မှာ ဆိုကရေတီ ဖြစ်သည်။

---

၁။ Dialogue

mgyoe.com

mgyoe.com

ပလေတိုသည် အယူအဆအားလုံးကို သူ့ဆရာ၏နှုတ်မှတစ်ဆင့် တင်ပြထားသည်။ မိမိနှင့် ဆရာသမားကို မည်မျှ ရောနှောစေခဲ့သနည်း ဟူမူ သမိုင်းအမြင်အားဖြင့်ကြည့်လျှင် မည်သည့်အယူအဆများက ပလေတို၏ အယူအဆများ ဖြစ်ကြသည်။ မည်သည့် အယူအဆများက ဆိုကရေတီ၏ အယူအဆများ ဖြစ်ကြသည်ဟူ၍ ယခုအခါတွင် ခွဲခြားပြောပြရန် မလွယ်ကူသည်အထိ ဖြစ်သည်။[၁]

ပလေတိုသည် ထိပ်တန်း ကဗျာဆရာတစ်ဦးလည်း ဖြစ်သည်။ ပြဇာတ်ဆရာတစ်ဦးလည်း ဖြစ်သည်။ စာပေသမားတစ်ဦးလည်းဖြစ်သည်။ ခက်ခဲနက်နဲသော ဒဿနပညာနှင့်ပတ်သက်သည့် စကားရပ်များကို ပြဇာတ်ဆန်ဆန် အသက်ဝင်အောင် တင်ပြထားသည်ဖြစ်၍ ပလေတို၏ ဒဿနပညာ ကျမ်းစာများသည် ဝတ္ထုသဖွယ်၊ ဖတ်ချင့်စဖွယ် ဖြစ်နေကြသည်။ ပလေတို၏ စကားပြေများသည် ကဗျာအဖွဲ့ထက်ပင် အရသာရှိသည်။ ထိထိမိမိ ဖြစ်နေသည်။ ပလေတိုသည် သူ၏ စကားပြေများကို သဘာဝလောက၏ ပြယုဂ်ပုံစံများဖြင့် လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပုံပြင်များဖြင့် လည်းကောင်း အသက်သွင်းပြီးလျှင် စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးထားသည်။

ပလေတို၏ ကျမ်းစာများအနက် နိုင်ငံနှင့်ပတ်သက်သော အတွေးအခေါ် အမြင်အားဖြင့်ကြည့်လျှင် ကျမ်းသုံးကျမ်းမှာ အထူးအားဖြင့် ဖော်ပြအပ်သည့် ကျမ်းများဖြစ်သည်။

(၁) ၃၈၃ ဘီစီလောက်က ရေးသားထားခဲ့သော **ပိုလိတေအိယာ**[၂] သည် ရိပတ်ဗလစ်ဟူသော လက်တင်အမည်ဖြင့် ပို၍ ထင်ရှားကျော်ကြားသည်။ ယင်းကျမ်းသည် သူ၏ အစဦးကျမ်းဖြစ်သော်လည်း ရင့်ကျက်သော အတွေးအခေါ်များကို တင်ပြထားသော ကျမ်း ဖြစ်သည်။ ယင်းကျမ်း၌ သူ၏ စာပေရေးဟန်သည်

---

၁။ Barker, Greek Political Theory

၂။ Politeia

mgyoe.com

mgyoe.com

အခြားကျမ်းဂန်များထက် ပို၍ တောက်ပြောင်ကြောင်း၊ ရင့်ကျက်ကြောင်း တွေ့ရသည်။

(၂) ဒုတိယကျမ်းမှာ ပေါ်လစ်တစ်ကပ်[၁] သို့မဟုတ် စတိတ်စ်မင်း[၂] ဖြစ်သည်။ ယင်းကျမ်းကို ၃၆၅ ဘီစီလောက်က ရေးသားခဲ့သည်။

(၃) တတိယကျမ်းမှာ နိုမိုအီ သို့မဟုတ် လောစ်ဖြစ်သည်။ ၃၆၀ ဘီစီနှင့် ၃၈၄ ဘီစီ အလယ်လောက်တွင် ရေးသားသောကျမ်းဖြစ်သည်။ ယင်းကျမ်း၏ အဓိက အစိတ်အပိုင်းမှာ အသက် ၇၀ ကျော်ဘဝ၏ နောက်ပိုင်းနှစ်များတွင် ရေးသားထားခြင်းဖြစ်ပြီး ပလေတို ကွယ်လွန်ပြီးသည့် နောက်တစ်နှစ် အကြာတွင်မှ သူ၏တပည့် စာရေးဆရာ အိုပစ်မှ ဖိလစ်က ထုတ်ဝေဖြန့်ချိခဲ့ခြင်း ဖြစ်လေသည်။ ယင်းကျမ်း၌ ရီပတ်ဗလစ်ထဲက အတွေးအခေါ်များကဲ့သို့ အောက်ခြေလွတ်မနေဘဲ ဆီရာကျူ၏ အတွေ့အကြုံများကြောင့် ပလေတိုသည် ယခင် အယူအဆများ၌ လိုအပ်နေသည်များကို ပြင်ဆင် သုတ်သင်ထားလေသည်။ ယင်းကျမ်းဂန်များကို အခြေခံပြီးလျှင် ပလေတို၏ နိုင်ငံရေး အတွေးအခေါ်များအကြောင်းကို ရေးသားဖော်ပြရမည် ဖြစ်လေသည်။ သို့ရာတွင် ယင်းသို့မဖော်ပြမီ သူ၏မူလအခြေခံဖြစ်သည့် အယူအဆများကို သိရှိနားလည်ထားရန် အရေးကြီးလေသည်။

## (က) စိတ်ကူးဝါဒ

စိတ်ကူးဝါဒ သို့မဟုတ် အယူအဆ[၃]သည် စိတ်ဝါဒီ[၄] ပလေတို၏ဒဿန

---

၁။ Politicus

၂။ Statesman

၃။ Theory

၄။ Idealist

mgyoe.com

mgyoe.com

ပညာ၌ အခြေခံ ဖြစ်သည်။ ပလေတို၏ အလိုအရ မျက်စိဖြင့် မြင်ရသော ဤကမ္ဘာလောက၌ ကျွန်ုပ်တို့သည် အမျိုးမျိုး အပြားပြားသော ပြောင်းလဲတတ်သည့် အရာဝတ္ထုများကို တွေ့မြင်ကြရသည်။ ယင်းအရာဝတ္ထုများ၌ ရှိနေသော အာရုံခံ ဂုဏ်ဒြပ်များဖြင့် မသိအပ်သော၊ အသိဉာဏ်ဖြင့်သာလျှင် သိအပ်သော သဘောတရားတစ်ခုမှာ စိတ်ကူး[၁] ဖြစ်လေသည်။

ဥပမာအားဖြင့် ကမ္ဘာလောက၌ မရေတွက်နိုင်သော နွားများကို တွေ့ရသည်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ အရောင်အမျိုးမျိုး၊ သဘောသဘာဝ အမျိုးမျိုးရှိသော နွားများရှိကြသည်။ ယင်းနွားများ၌ ပြောင်းလဲမှု ဖြစ်ပေါ်နေကြသည်။ ယင်းနွားများအား ထုတ်ဖော်ပြောပြသော စကားလုံးများမှာ တစ်ဘာသာနှင့်တစ်ဘာသာ မတူကြပေ။ သို့ရာတွင် ယင်းကွဲပြားခြားနားမှုများ ရှိလင့်ကစား နွားများ၏ အချို့သော သဘာဝထူးခြားချက်များမှာမူ ကာလသုံးပါးလုံး၌ တစ်မျိုးတည်း၊ တစ်စားတည်းပင် ဖြစ်နေပေလိမ့်မည်။

နွားအားလုံးတို့၌ အကြမ်းဖျင်းအားဖြင့် တွေ့ရှိရသော စိတ်ကူးတစ်ခုမှာ နွားအသွင် သို့မဟုတ် နွားအဖြစ်၊ နွားဘဝဖြစ်သည်။ ယင်းသည် အားလုံးသော ကွဲပြားခြားနားမှုမှအပ ဖြစ်သည်။ တသီးတခြား ဖြစ်သည်။ ကျွန်ုပ်တို့ မျက်မှောက်၌ တွေ့ကြုံနေရသော နွားများသည် ယင်းစိတ်ကူးဖြစ်သော နွားအသွင်၏အပြည့်အဝမဟုတ်သေးသော ပုံသဏ္ဍာန်ဖြစ်သည်။ နွားအားလုံးသည် ယင်းစိတ်ကူးဖြစ်သော နွားအသွင်၏ အချို့သော ထူးခြားချက်များရှိသောကြောင့်သာလျှင် နွားများဖြစ်နေကြခြင်း ဖြစ်သည်။

ယင်းသို့အားဖြင့် နွားအဖြစ်၊ နွားဘဝသည် စိတ်ကူးဖြစ်သော အသွင်တစ်မျိုး ဖြစ်သည်။ အမျိုးမျိုး အပြားပြားသော နွားတို့၏ အချင်းအရာသည် ပျက်စီးပျောက်ကွယ်နေကြသည်။ သို့ရာတွင် ယင်းနွားဘဝ၊ နွားအဖြစ်ဟူသော စိတ်ကူးအသွင်မှာမူ မည်သည့်အခါမျှ ပျက်စီးခြင်း

---

၁။ Idea (ရာဟုလာသံကိစ္စည်းကမူ Idea ကို ဝိညာနဟူ၍ လည်းကောင်း။ Idealist ဝိညာနဝါဒီဟူ၍ လည်းကောင်း ခေါ်ဝေါ်သည်။)

mgyoe.com

မရှိပေ။ သို့ဖြစ်၍ ယင်းကို အာကေတိုက်[၁] သို့မဟုတ် ဂရိဘာသာဖြင့် အာခိုက်တီယန်ဟူသော အမည်ကိုပေးထားသည်။ အဓိပ္ပာယ်မှာ မြတ်သော အခြင်းအရာဟု ဆိုလိုသည်။

ပလေတိုသည် မျက်စိဖြင့် မြင်တွေ့ရသည့် အရာဝတ္ထုအားလုံး၌ စိတ်ကူးဖြစ်သော အသွင်အပြင်ကို လက်ခံယုံကြည်သည်။ ယင်းစိတ်ကူး အသွင်အပြင်တို့သည် မိမိတို့၏ သီးသန့် ကမ္ဘာလောက၌ ရှိနေကြသည်။ ယင်းကမ္ဘာလောကကို စိတ်ကူးကမ္ဘာလောကဟု ခေါ်ဆိုသည်။

ခဏမကြာ ပျက်စီးတတ်သော ဤကမ္ဘာလောကသည် မြဲသော၊ အမှန်ဖြစ်သော စိတ်ကူးလောက၏ ပုံတူ သို့မဟုတ် အရိပ်မျှသာဖြစ်သည်။ ယင်းစိတ်ကူး အယူအဆ အားလုံးသည် နောက်ဆုံး၌ **ကောင်းခြင်းဟူသော အယူအဆ**[၂]၌ ပေါင်းစုသွားကြသည်။ ယင်းသည် စိတ်ကူးကမ္ဘာလောက ၏ အမြင့်ဆုံးသော၊ မြဲသော၊ မပျက်စီးသော အသွင်အပြင် ဖြစ်သည်။ ယင်းအသွင်အပြင်အားဖြင့် အယူအဆအားလုံးသည် ထင်ရှားခြင်း၊ ပြတ်သားခြင်း ဖြစ်ရသည်။

ရုပ်ပိုင်းလောက၌ နေသည် အရာဝတ္ထုအားလုံးကို ကြည့်၍ ရအောင် ပြုလုပ်ပေးသည်။ ထိုနည်းတူစွာ ကောင်းခြင်းဟူသော အယူ အဆသည် အရာဝတ္ထု အားလုံးကို နားလည်၍ ရအောင် ပြုလုပ်ပေးသည်။ ပလေတိုသည် သူ၏ ပညာရေးစနစ်၌ ယင်းသဘောတရားကို သင်ကြား လေ့လာရန် အလေးအနက်တိုက်တွန်းထားသည်။

## (ခ) ဆိုကရေတီ၏ ဩဇာ

ပလေတိုသည် ဆယ့်နှစ်နှစ်မျှ နိုင်ငံရပ်ခြား အသီးသီး၌ ခရီးလှည့်လည် ခဲ့သည်။ ပိုက်သာဂိုရပ်၏ အယူအဆများသည် သူ့အပေါ်တွင် ဩဇာ သက်ရောက်မှု များစွာ ရှိခဲ့သည်။ သို့ရာတွင် သူ့အပေါ်တွင် ဩဇာ

---

၁။ Archetype

၂။ Idea of Good

mgyoe.com

mgyoe.com

အလွှမ်းမိုးဆုံး ပုဂ္ဂိုလ်မှာမူ ဆိုကရေတီ ဖြစ်သည်။ ပလေတို၏ ကျမ်းစာများ၌ ဆိုကရေတီ၏ အယူအဆများကို တခမ်းတနား တွေ့ရှိရသည်။ ဆရာဖြစ်သူ ဆိုကရေတီ၏အသွင်သည် ပလေတို၏ မျက်စိထဲ၌ မည်သည့်အခါမျှ ပျောက်ကွယ်မသွားဟု ပြောဆိုကြသည်။ အမှန်စင်စစ်အားဖြင့် ပလေတို၏ ကျမ်းစာများ၌ ဆိုကရေတီနှင့် ပလေတိုတို့၏ အယူအဆများသည် တစ်ခုနှင့်တစ်ခု ခွဲခြား၍ မရလောက်အောင် တစ်သားတည်း၊ တစ်မျိုးတည်း ဖြစ်နေသည်။ သို့ဖြစ်စေကာမူ ပလေတိုသည် အချို့သော အချက်အလက်များအတွက် ဆိုကရေတီ၏ ကျေးဇူးမကင်းပေ။

ဆိုကရေတီသည် ကောင်းမှုနှင့် အသိဉာဏ်ပညာကို ကွဲပြားခြားနားမှု မရှိဟူ၍ ယူဆသည်။ မေယာက ဤသို့ ဆိုထားသည်။ "အကယ်၍ ကျွန်ုပ်တို့သည် အသိဉာဏ်ပညာနှင့် အကျင့်စာရိတ္တကို တစ်ခုတည်းဟူ၍ အောက်မေ့လျှင် အကျင့်စာရိတ္တ၏ ထာဝရ ပေတံတစ်ခုကို ပြုလုပ်နိုင်မည်။ အကြင် အသိဉာဏ်ပညာသည် အသိဉာဏ်ပညာအတွက် သက်သက်သာလျှင် သင်ကြားဆည်းပူးအပ်၏။ ထိုအသိဉာဏ် ပညာမျိုးသည် ဤဂရိဒဿန ပညာရှင်များ၏အမြင်၌ အချည်းနှီးသာတည်း။ အသိဉာဏ်ပညာသည် အကြားအမြင် ဗဟုသုတအချို့ကို စုဆောင်းလေ့လာရုံမျှသာလျှင် မဟုတ်။ အကျင့်စာရိတ္တ ထူထောင်ရေးနှင့်လည်း နီးနီးကပ်ကပ် ဆက်စပ်မှုရှိ၏။ အသိဉာဏ်ပညာအားဖြင့်သာလျှင် ရဲရင့်ခြင်း၊ စောင့်စည်းခြင်း၊ တရားခြင်း စသော အားလုံးသော ဂုဏ်ရည်အချင်းများ ဖြစ်ပေါ်၏။ ကြောက်ခြင်း၊ မကြောက်ခြင်းနှင့် ပတ်သက်သော အသိဉာဏ်ရှိသူသာလျှင် သူရသတ္တိရှိသူ ပုဂ္ဂိုလ်ဖြစ်နိုင်၏။ "ယင်းအချက်နှင့် စပ်လျဉ်း၍ ပလေတိုသည် ဆိုကရေတီ၏ အယူအဆများကို လက်ခံလိုက်နာလေသည်။

ကောင်းမှု[၁] အသွင်အပြင်နှင့် ပတ်သက်၍လည်း ပလေတိုသည် ဆိုကရေတီ၏ အယူဝါဒကို လက်ခံသည်။ ကောင်းခြင်းအတွက်မူ ဂရိ

---

၁။ Virture

mgyoe.com

mgyoe.com

စကားလုံးမှာ အရက်တီ[၁] ဖြစ်သည်။ မြင့်မြတ်ခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ အရာဝတ္ထုတစ်ခု၏ ကောင်းခြင်းသို့မဟုတ် မြင့်မြတ်ခြင်းမှာ ထိုအရာဝတ္ထုကို ပြုလုပ်ရခြင်း၏ ရည်ရွယ်ရင်းကိစ္စကို ပြည့်ဝအောင်မြင်အောင် လုပ်နိုင်သည့်ဂုဏ်ရည်အချင်း ထိုအရာဝတ္ထု၌ ရှိခြင်းပင်ဖြစ်သည်။ ဓား၏ ဂုဏ်အရည်အချင်းမှာ ခုတ်ဖြတ်ရန်ဖြစ်သည်။ သို့ဖြစ်၍ ဓား၏အကောင်းအဆိုးမှာ မည်မျှခုတ်ဖြတ်၍ ရသနည်းဟူသောအချက်ပေါ်တွင် တည်ရှိသည်။

ယင်းသို့အားဖြင့် လူတစ်ယောက်သည် အခြားသောလူများနှင့် နှိုင်းယှဉ်ကြည့်မှသာလျှင် အကောင်းအဆိုးဖြစ်လာနိုင်သည်။ လူ၏ အကောင်းအဆိုးမှာ နှစ်မျိုးနှစ်စား ရှိသည်။ (၁) တစ်စုံတစ်ဦးသည် မိမိ၏သဘောထား သို့မဟုတ် အလုပ်အကိုင်အရ ကောင်းသော သို့မဟုတ် မကောင်းသော ပန်းချီဆရာ၊ ပန်းပုဆရာ၊ လက်သမား၊ အင်ဂျင်နီယာ၊ ဆရာဝန် စသည် ဖြစ်နိုင်သည်။ (၂) သို့ရာတွင် အမှန်စင်စစ်အားဖြင့် လူကို ကောင်းအောင်လုပ်သည့်ဂုဏ်အရည်အချင်း အများအပြားရှိသူသာလျှင် ကောင်းသောလူဖြစ်နိုင်သည်။ ကောင်းသောလူသို့မဟုတ် လူကောင်းသည် ကောင်းသောဆရာဝန်၊ ကောင်းသောရှေ့နေ၊ ကောင်းသော အင်ဂျင်နီယာနှင့် လုံးလုံးလျားလျား ကွဲပြားခြားနားသည်။

ပလေတိုသည် ဆိုကရေတီ ပြောသည့်အတိုင်း ကောင်းသောလူဖြစ်ရန်အတွက် ဂုဏ်အရည်အချင်းလေးမျိုးရှိဖို့ရန် လိုအပ်၏ဟုယူဆသည်။ ယင်းလေးမျိုးတို့ကား အသိဉာဏ် ပညာရှိခြင်း၊ ရဲဝံ့ခြင်း၊ စောင့်စည်းခြင်း၊ တရားမျှတမှုရှိခြင်းတို့ ဖြစ်ကြသည်။ ဂုဏ်အရည်အချင်းလေးမျိုးတို့ ပေါင်းပြီးလျှင် လူသား၏ ဂုဏ်အရည်အချင်း[၂]ကို သို့မဟုတ် လူသား၏ ကောင်းခြင်း[၃]ကို ပြုလုပ်ဖန်တီးကြသည်။[၄]

---

၁။ Arete

၂။ Human Virture

၃။ Human Goodness

၄။ Foster, Masters of Political Thought

mgyoe.com

mgyoe.com

ဆိုကရေတီထံမှ ပလေတို လက်ခံရရှိသော အခြား အယူအဆ တစ်ခုမှာ အုပ်ချုပ်ရေးနှင့် ပတ်သက်သော အယူအဆဖြစ်သည်။ အုပ်ချုပ်ခြင်းသည် ဆေးကုခြင်း၊ သင်္ဘောမောင်းခြင်း အစရှိသည်တို့ကဲ့သို့ အတတ်ပညာတစ်ခု ဖြစ်သည်။ ယင်းအတတ်ပညာကို တတ်သိနားလည်သည့် ပုဂ္ဂိုလ်ချွန်များကိုသာလျှင် အုပ်ချုပ်ရေးအာဏာ ပေးသင့်သည်။ ဆိုကရေတီသည် အုပ်ချုပ်သူကို ဆရာဝန်နှင့် ဥပမာ ပေးထားသည်။ "ပြည်သူလူထုသည် နာမကျန်း ဖြစ်နေ၏။ ကျွန်ုပ်တို့သည် မိမိတို့၏ အရှင်သခင်များကို ဆေးဝါးကုသ ပေးသင့်ကြ၏"ဟူ၍ ဆိုကရေတီက ပြောထားသည်။[၁] ဆရာဝန်သည် ကြိမ်ဖန်များစွာ လူနာအား ရောဂါဝေဒနာ ပျောက်ကင်းသွားစေရန်အတွက် အဝင်ဆိုးသော ဆေးများကိုလည်း ပေးကြရသည်။ ယင်းကဲ့သို့ အဝင်ဆိုးသောဆေးများကို ပေးဖို့ရန်မှာလည်း စံပြအုပ်ချုပ်သူ ပုဂ္ဂိုလ်အတွက် မလုပ်မဖြစ်သော အလုပ်တစ်ခု ဖြစ်၏ဟူ၍ ဆိုကရေတီက ယူဆသည်။ ဆိုကရေတီသည် ပေရီကလီ အစရှိသော ဂရိနိုင်ငံရေးသမားများကဲ့သို့ ပြည်သူလူထု၏အလိုဆန္ဒကို ဖြည့်ပေးသော အမြှောက်သမား မဟုတ်ပေ။ လိမ္မာကျွမ်းကျင်သော ဆေးသမားဖြစ်လိုသူ ပုဂ္ဂိုလ်သာ ဖြစ်လေသည်။

ကိုကာ၏ အလိုအရ ပလေတို၏ ဒဿနပညာ အခြေခံမှာလည်း ဆိုကရေတီ၏ **အမှန်သဘော**[၂]ဟူသော ဝါဒဖြစ်သည်။[၃] ယင်းဝါဒ၏ ဆိုလိုရင်းမှာ အမှန်သဘော သို့မဟုတ် ပရမတ်သဘောသည် စင်စစ်အားဖြင့် အရာဝတ္ထုတို့၏ စိတ်ကူးဖြစ်သော အသွင်အပြင်၌ ရှိသည်။ ယင်းအမှန်သဘောသည် ပြည့်ဝသည်၊ တည်မြဲသည်၊ ပြောင်းလဲခြင်းမရှိ။ အာရုံခံ ဣန္ဒြေတို့ဖြင့် သိရ မြင်ရသော၊ ပြောင်းလဲတတ်သော၊ မပြည့်ဝသော အရာဝတ္ထုများ၏ အောက်ခြေမူလ၌ ရှိနေသည်။ ပလေတိုသည်

---

၁။ Barker, Greek Political Theory

၂။ Reality

၃။ Coker, Readings in Political Philosophy

mgyoe.com

mgyoe.com

ယင်းဝါဒကို ပထမရေးသားပြဆိုခဲ့သော စိတ်ကူးဟူသော အယူအဆ၌ ဖော်ပြထားသည်။ ယင်းသို့အားဖြင့် ပလေတိုသည် ဆိုကရေတီ၏ အယူအဆများကို မျိုးစေ့ဗီဇအားဖြင့် ယူငင်ပြီးလျှင် မိမိ၏ အတွေးအခေါ်များဖြင့် ထိုအယူအဆများကို စည်ပင်ဖွံ့ဖြိုးအောင် ပြုလုပ်ခဲ့လေသည်။

## (ဂ) ရီပတ်ဗလစ်

ရီပတ်ဗလစ်သည် ပလေတို၏ အကျော်ကြားဆုံး၊ အရေးအပါဆုံး ကျမ်းဂန်ဖြစ်သည်။ အနောက်တိုင်း ထိပ်တန်း ဒဿနပညာရှင်ကြီး ရေးသားသော ကျမ်းဂန်များအနက် ယင်းကျမ်းသည် သရဖူဆောင်းသည်။ ယင်းကျမ်းကို ပလေတိုသည် အသက် ၄၀ အရွယ် အတွေးအခေါ် ရင့်ကျက်လာပြီဖြစ်သည့်အချိန်၌ ရေးသားစီရင်သည်။ ကျမ်း၏ အကြောင်းအရာမှာလည်း အမျိုးမျိုး အစားစား ဖြစ်သည်။ ရေးဟန်၏ အမြင်အားဖြင့်ကြည့်လျှင် ယင်းကျမ်းသည် ပလေတို၏ ပြိုင်ဘက်ကင်းသော ကျမ်းဖြစ်သည်။ ပလေတို၏ ကျမ်းအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် အခိုင်အမာ ဘာသာပြန်ဆိုသော ဘင့်ဂျမင်ဂျိုဝက်က "ပလေတို၏ ကျမ်းဂန်များ၌ အခြားမည်သည့်နေရာမှာမှ ဤကျမ်းထက်သာသော၊ ထက်မြက်စူးရှသော သရော်မှု၊ တွေးခေါ်မှု၊ ပြဇာတ်ဆန်မှုများကို မတွေ့ရ"ဟု ရေးသားထားသည်။

ကျမ်း၏ ပမာဏအရကြည့်လျှင် ရီပတ်ဗလစ်သည် ပလေတို၏ အခြား ကျမ်းအားလုံးထက် ကြီးမားသော်လည်း လောစ်ထက် ငယ်သည်။ သို့ရာတွင် အရေးပါအရာရောက်သည့် နေရာ၌မူ ရီပတ်ဗလစ်သည် လောစ်ထက် သာလွန်သည်။ ရီပတ်ဗလစ်ဟူသော အမည်နာမကို ကြည့်လျှင်မူ အနည်းငယ် ထင်ယောင်ထင်မှား ဖြစ်စရာရှိသည်။ ယခုခေတ်တွင် ယင်းစကားလုံးကို ထူးခြားသော အုပ်ချုပ်ရေးတစ်မျိုးရှိသည့် သမ္မတနိုင်ငံအတွက် အသုံးပြုကြသည်။ သို့ရာတွင် ပလေတိုကမူ ယင်းစကားလုံးကို ကျဉ်းမြောင်းသော ယင်းအဓိပ္ပာယ်၌ အသုံးမပြုပေ။ ဂရိဘာသာဖြင့် ယင်းကျမ်းကို ပိုလီတေအိယာ[၁]ဟူ၍ အမည်ပေးထားသည်။ ယင်းစကား

၁။ Politeia

mgyoe.com

လုံးမှာ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ် သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဟူ၍ အဓိပ္ပာယ်ရသည်။[၁] ထို့ကြောင့် ပလေတို၏ ရီပတ်ဗလစ်၌ နိုင်ငံ၏ စံပြစိတ်ကူး စနစ်အကြောင်းကို ရေးသားထားသည်။ ရီပတ်ဗလစ်ဟူသော ဝေါဟာရ စကားလုံး၏ ဆိုလိုရင်းဖြစ်သော သမ္မတနိုင်ငံစနစ်ကို ရေးသားထားခြင်း မဟုတ်ပေ။ ရီပတ်ဗလစ်ဟူသော အမည်မှာ ပိုလီတေအီယာ ဟူသောအမည်ကို လက်တင်ဘာသာဖြင့် ဘာသာပြန်ဆိုထားခြင်း ဖြစ်လေသည်။

ရီပတ်ဗလစ်သည် နိုင်ငံအုပ်ချုပ်ရေး စနစ်ကိုသာလျှင် ဖွင့်ပြထားသည့်ကျမ်း မဟုတ်ပေ။ ပလေတို၏ အတွေးအခေါ် အယူအဆများကို ဖော်ပြထားသော စွယ်စုံကျမ်းတစ်ခုလည်း ဖြစ်သည်။ ရီပတ်ဗလစ်ကျမ်း၌ နီတိပညာ၊ ဒဿနပညာ၊ ပညာရေးဆိုင်ရာပညာ အစရှိသော အမျိုးမျိုး အပြားပြားသော အကြောင်းအရာများကို ရေးသားဖော်ပြထားသည်။

ရီပတ်ဗလစ်သည် အကျင့်စာရိတ္တပညာဖြင့်လည်းကောင်း၊ နီတိဆိုင်ရာ ဒဿနပညာ ပြဿနာများဖြင့် လည်းကောင်း အစပျိုးထားသည်။ ကျမ်း၏ အစ၌ပင် တရားမှုဟူသည်မှာ အဘယ်နည်းဟူသော ပြဿနာကို ဖော်ထုတ်ထားသည်။ ယင်းကျမ်း၏ အခြားအမည်တစ်ခုမှာ ဒိကာယေ ဂရပ်ပိုလီတိကပ်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ တရားမှုကို ဖော်ပြထားသော ကျမ်းဖြစ်၏ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တရားမှုနှင့် လူ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဂုဏ်အရည်အချင်းများကို ရေးသားဖော်ပြသည် ဖြစ်၍ ယင်းကျမ်းသည် အကျင့်စာရိတ္တပညာနှင့် ပတ်သက်သော ကျမ်းဂန် ဖြစ်နေသည်။

ကိုယ်ကျင့်တရားဆိုင်ရာ ဂုဏ်အရည်အချင်းများ၏ တိုးတက်ကြီးထွားမှုသည် ပညာရေးအရသာလျှင် ဖြစ်နိုင်သည်။ မြင့်မြတ်ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် အုပ်ချုပ်သူများအား ပညာပေးဖို့ရန် လိုအပ်သည်။ ထို့ကြောင့် ရီပတ်ဗလစ်၌ ပညာရေးနှင့် ပတ်သက်သော

---

၁။ Foster, Master of Political Thought

mgyoe.com

mgyoe.com


ပြဿနာများကို ရဲဝံ့ပြတ်သားစွာ ဖွင့်ပြထားသည်။ ယင်းအချက်ကို ကြည့်လျှင် ပြင်သစ် အတွေးအခေါ်ပညာရှင် ရူးဆိုးက "ရီပတ်ဗလစ်သည် နိုင်ငံရေးကျမ်းဂန် မဟုတ်ပေ။ ပညာရေးနှင့် ပတ်သက်၍ မပေါ်ဖူးသေးသော အကောင်းဆုံးကျမ်းဂန် ဖြစ်၏"ဟူ၍ ရေးသားထားသည်။

ရီပတ်ဗလစ်သည် နိုင်ငံရေးကျမ်းဂန်လည်းဖြစ်သည်။ အကြောင်းမူကား အမျိုးမျိုး အပြားပြားသော အုပ်ချုပ်မှုစနစ်တို့၏ အကြောင်းကိုလည်းကောင်း၊ နိုင်ငံ၏ အသွင်အပြင်ကို လည်းကောင်း၊ စံပြ အုပ်ချုပ်ရေးစနစ်အကြောင်းကို လည်းကောင်း ရေးသားထားသောကြောင့်ဖြစ်သည်။

ရီပတ်ဗလစ်သည် မက်တာဖီဆစ် သို့မဟုတ် ရုပ်လွန်ပညာနှင့် ပတ်သက်သော ကျမ်းလည်းဖြစ်သည်။ အကြောင်းမူကား ယင်းကျမ်း၌ စိတ် သို့မဟုတ် စိတ်ကူး အယူအဆနှင့် အသိဉာဏ်ပညာ၏ ယထာဘူတ အသွင်အပြင်ကို ရေးသားဖော်ပြထားသောကြောင့် ဖြစ်သည်။

ယင်းကျမ်းသည် သမိုင်း၏ဒဿနပညာကျမ်း[၁]လည်း ဖြစ်သည်။ အကြောင်းမူကား ယင်းကျမ်း၌ သမိုင်းဆိုင်ရာ ပြောင်းလဲမှု အစဉ်အရ သက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်နေစဉ်အတွင်း စံပြစိတ်ကူးနိုင်ငံ ကျဆုံးသွားရပုံကို ရေးသားဖော်ပြထားသောကြောင့် ဖြစ်သည်။

ယင်းသို့အားဖြင့် တစ်ခုတည်းသော ယင်းကျမ်း၌ ပညာမျိုးစုံ၊ အကြောင်းအရာမျိုးစုံ ပါရှိနေသည်။ ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ထိုအချိန်အထိ ဂရိလူမျိုးတို့သည် အသိဉာဏ်နှင့် ပတ်သက်သော ပညာရပ်များကို တစ်ခုစီ တစ်ခုစီ ပြတ်ပြတ်သားသား သတ်မှတ်ပိုင်းခြားခြင်း မပြုသေးသောကြောင့် ဖြစ်သည်။ ပလေတို၏တပည့် အရစ္စတိုတယ်သည် ရှေးဦးစွာ မက်တာဖီဆစ်၊ နီတိပညာ၊ နိုင်ငံရေးပညာနှင့် ပတ်သက်၍ ကျမ်းတစ်ခုစီ တစ်ခုစီကို သီးသန့် ရေးသားခဲ့သည်။ သို့ရာတွင် နိုင်ငံရေးပညာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနကိုမူ မကွဲမပြား တစ်သားတည်းဟု ယူဆလေသည်။

---

၁။ Philosophy of History

mgyoe.com

mgyoe.com


ဂရိလူမျိုးတို့သည် သဘာဝ ဒဿနပညာ[၁]နှင့် နှိုင်းယှဉ်လျှင် **လူနှင့် ပတ်သက်သော ဒဿနပညာ**[၂]ကို အလွန် အသားပေးကြသည်။ ပလေတို၏ မျက်မှောက်၌ရှိသော အဓိကပြဿနာများမှာ ကောင်းသော လူသည် မည်သူနည်း။ ကောင်းသောလူကို မည်သို့ ပြုလုပ်ဖန်တီးနိုင်သနည်းဟူသော ပြဿနာ ဖြစ်သည်။ ယင်းပြဿနာသည် အဓိကအားဖြင့် ကိုယ်ကျင့်တရားနှင့် ပတ်သက်သော ပြဿနာဖြစ်သော်လည်း ဂရိလူမျိုးတို့အတွက် နိုင်ငံရေးပြဿနာ ဖြစ်နေသည်။ အကြောင်းမူကား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နိုင်ငံ၏အဖွဲ့ဝင်ဖြစ်မှသာလျှင် (နိုင်ငံသားဖြစ်မှသာလျှင်) ကောင်းမွန်မြင့်မြတ်သောဘဝဖြင့် နေနိုင်၏ဟူ၍ ထင်မှတ်ယူဆကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပထမ ပြဿနာမှတစ်ဆင့် ကောင်းမြတ်သော နိုင်ငံသည် အဘယ်နည်း။ ကောင်းမြတ်သော နိုင်ငံကို အဘယ်ကဲ့သို့ ပြုလုပ်မည်နည်းဟူသော ဒုတိယပြဿနာ ပေါ်လာသည်။ ယင်းသို့အားဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ ဒဿနပညာသည် နိုင်ငံရေးပြဿနာအဖြစ် ပြောင်းလဲသွားလေသည်။ သို့ရာတွင် ပြဿနာတို့၏ အဖြေမှာ အသိဉာဏ်ပညာပေါ်၌ အခြေတည်နေသည်။

ဆိုကရေတီ၏ ဝါဒအရ မြင့်မြတ်သော၊ ဂုဏ်အရည်အချင်းရှိသော ပုဂ္ဂိုလ်အတွက် အသိဉာဏ်ပညာနှင့် ပြည့်စုံဖို့ရန် လိုအပ်သည်။ ထို့ကြောင့် မြင့်မြတ်သောပုဂ္ဂိုလ်သည် လူကောင်းသူကောင်း ဖြစ်ရန်အတွက် မည်ကဲ့သို့သော ထိပ်တန်းအသိပညာကို ရရှိဖို့ရန် လိုအပ်သနည်းဟူသော တတိယပြဿနာ ပေါ်ပေါက်လာသည်။ ယင်း **ထိပ်တန်းအသိဉာဏ်ပညာ**[၃]၏ အသွင်အပြင်ကို မက်တာဖီဆစ် သို့မဟုတ် ရုပ်လွန်ပညာအားဖြင့် သတ်မှတ်ဆုံးဖြတ်ရလေသည်။

ယင်းပြဿနာကို မက်တာဖီဆစ်အရ ဖြေရှင်းပြီးသောအခါ

---

၁။ Philosophy of Nature

၂။ Philosophy of man

၃။ Ultimate knowledge

mgyoe.com

mgyoe.com

မြင့်မြတ်သော နိုင်ငံသည် လူတို့အား ကောင်းသော ဂုဏ်အရည်အချင်းနှင့် ပြည့်စုံစေရန်အတွက် ယင်းထိပ်တန်း အသိဉာဏ်ပညာကို မည်သို့မည်ပုံ ပေးမည်နည်းဟူသော စတုတ္ထပြဿနာ ပေါ်လာလေသည်။ ယင်းပြဿနာကို ဖြေရှင်းရန်အတွက် ပညာရေးဆိုင်ရာ ဝါဒသဘောတရားကို သတ်မှတ်ပိုင်းခြားဖို့ လိုလာလေသည်။

ပညာရေးစနစ်ကို အောင်မြင်ထမြောက်စွာ အကောင်အထည်ဖော်ရန်အတွက် လူမှုရေး ပြုပြင်ပြောင်းလဲမှု အချို့ကို ပြုလုပ်ရန် လိုအပ်လာပေလိမ့်မည်။ ထို့ကြောင့် လူမှုရေး ပြန်ထူထောင်မှုမှာ လိုအပ်သောအရာ ဖြစ်လာသည်။ ယင်းအတွက် လူ့ဘောင် လူ့လောက၏ စီးပွားရေး စနစ်တွင်လည်း ပြုပြင်ပြောင်းလဲမှု အချို့ကို ပြုလုပ်သင့်ပေသည်။ ထို့ကြောင့် ပလေတိုသည် လူအား ကောင်းမြတ်သည့်ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်ရန်အတွက် ရီပတ်ဗလစ်၌ ယင်းပြဿနာအားလုံး၏ အဖြေကိုပေးလျက် တစ်ပေါင်းတည်း အကျင့်စာရိတ္တပညာ၊ နီတိပညာ၊ နိုင်ငံရေးပညာ၊ ရုပ်လွန်ပညာ၊ ပညာရေးဆိုင်ရာပညာ၊ လူမှုရေးပညာ၊ စီးပွားရေးပညာများ၏ ပြဿနာ အရပ်ရပ်ကို တင်ပြထားလေသည်။ ထို့ကြောင့် ရီပတ်ဗလစ်သည် လူ့ဘဝ၏ ပြဿနာ အရပ်ရပ်တို့ကို ရေးသားဖော်ပြထားသော ကျမ်းဂန်ဖြစ်နေသည်။

ဘာကာက ရီပတ်ဗလစ်ကျမ်းနှင့် ပတ်သက်၍ ဤသို့ ရေးသားထားသည်မှာ မှန်ကန်လှပေသည်။ "ယင်းကျမ်းသည် **လူ့ဘဝ အလုံးစုံ၏ ဒဿနပညာ**"[၁] ဖြစ်သည်။ အဓိကအနေအားဖြင့် အလုပ်လုပ်သော လူ သို့မဟုတ် လူ၏ အလုပ်သည် ဤကျမ်း၏ အကြောင်းအရာဖြစ်၏။ ထို့ကြောင့် ဤကျမ်းသည် ကိုယ်ကျင့်တရားဆိုင်ရာ ဘဝနှင့် နိုင်ငံရေးဆိုင်ရာ ဘဝ၏ပြဿနာများနှင့် ပတ်သက်ဆက်နွှယ်၍ နေ၏။ သို့ရာတွင် လူသည် အပေါင်းအစု ဖြစ်၏။ လူ့အလုပ်ကို လူ၏အကြံအစည် အတွေးအခေါ်ကို မသိဘဲနှင့် နားမလည်နိုင်ပေ။ ထို့ကြောင့် ရီပတ်ဗလစ်

၁။ Complete philosophy of life

mgyoe.com

mgyoe.com


သည် လူ၏ အတွေးအခေါ်ကို မသိဘဲနှင့် နားမလည်နိုင်ပေ။ ထို့ကြောင့် ရီပတ်ဗလစ်သည် လူ၏ ပြည့်ဝသော ဘဝဒဿန ဖြစ်လေသည်။[၁]

နက်တယ်ရှစ်ကလည်း ဤသို့ရေးသားထားသည်။ "ယင်းကျမ်း၌ လူ့ဝိညာဉ် အတက်အကျ၏ စံပြရုပ်ပုံလွှာ ရှိ၏။ လူ့ဝိညာဉ်သည် မည်သို့မည်ပုံ တိုးတက်မှု၏ အထွတ်အထိပ်သို့ ရောက်သည်။ မည်သို့မည်ပုံ ကျဆင်းမှု၏ အနက်ဆုံးချောက်ထဲသို့ လိမ့်ကျနိုင်သည်တို့ကို ပြောပြထားသည်။ ယင်းသို့အားဖြင့် ဤကျမ်း၌ လူ၏ဝိညာဉ်အကြောင်းကို လည်းကောင်း၊ လူ၏သဘာဝ အလုံးစုံနှင့် ပတ်သက်သော အကြောင်းကို လည်းကောင်း ရေးသားဖွင့်ဆိုထားလေသည်။[၂] ထို့ကြောင့် ရီပတ်ဗလစ်သည် လူ့ဘဝ၏ ဒဿနကို ပြဇာတ်ဆန်ဆန် ရေးသားဖော်ပြထားသော ကျမ်း ဖြစ်လေသည်။

ရီပတ်ဗလစ်၌ လူ့ဘဝပြဿနာများကို သုံးသပ်လျက် အကြောင်းအရာ အမျိုးမျိုးကို ကျယ်ပြန့်စွာ ဝေဖန်ဆန်းစစ်ထားသည်။ ဝီလ်ဂျူရင်း၏ စကားအရ ပြောရလျှင် ရီပတ်ဗလစ်၌ ပလေတို၏ ရုပ်လွန်ပညာ၊ နီတိပညာ၊ စိတ်ပညာ၊ ပညာရေး၊ နိုင်ငံရေး၊ တရားဓမ္မများနှင့် အနုပညာ၏ သဘောတရားများကို ရေးသားပြဆိုထားလေသည်။ ယင်းကျမ်းဂန်၌ ဘုံဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အမျိုးသမီး လွတ်လပ်ရေးဝါဒ၊ ပဋိသန္ဓေတားဆီးပိတ်ပင်မှု၊ မီးဖွားမှုနှင့် ပတ်သက်သောပညာ၊ နစ်ရှေး၏ ကိုယ်ကျင့်တရား ပြဿနာများ၊ ဖရော့ဒ်၏ စိတ်ပညာကဲ့သို့သော ယခုခေတ်ပေါ် ပြဿနာများကို တွေ့ရှိကြရသည်။ ရီပတ်ဗလစ်ကျမ်း၌ ဘာမဆို အကုန်ရှိသည်။[၃] ပလေတိုသည် ဒဿနပညာ ဖြစ်၏။ ဒဿနပညာသည် ပလေတို ဖြစ်၏ဟူ၍ပင် အီမာဆင်က ရေးသားထားသည်။[၄]

---

၁။ Barker, Greek Political of Theory

၂။ Lectures on the Republic of Plato

၃။ Will Durant, Story of Philisophy

၄။ Representative man

mgyoe.com

mgyoe.com

ရီပတ်ဗလစ်သည် အတွဲ သို့မဟုတ် ကျမ်းဆယ်ခုဖြင့် ပိုင်းခြားထားသည်။ ပထမတွဲ၌ တရားမှုနှင့်ပတ်သက်၍ ခေတ်စားနေသော အယူအဆများကို ရေးသားဖွင့်ပြထားသည်။ ဒုတိယအတွဲမှ စတုတ္ထအတွဲအထိ တရားမှု၏ အသွင်အပြင် ပြတ်သားထင်ရှားစေရန် နိုင်ငံနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတွင်ရှိသော အသွင်အပြင်ကို ရှင်းလင်းထားသည်။ လူမှုရေးအဖွဲ့အစည်းနှင့် နိုင်ငံရေး အသွင်အပြင်၊ အပျော်အပါးများသော နိုင်ငံ၊ နိုင်ငံ ကာကွယ်စောင့်ရှောက်သူတို့၏ သဘာဝ၊ ယင်းတို့၏ ပညာသင်ကြားရေး၊ အုပ်ချုပ်သူတို့ကို ရွေးကောက်တင်မြှောက်ခြင်း၊ နေထိုင်စားသောက်မှု နည်းလမ်း၊ ကာကွယ်စောင့်ရှောက်သူတို့၏ ဝတ္တရား၊ နိုင်ငံ၏ ဂုဏ်အရည်အချင်း၊ ဝိညာဉ်၏ အပိုင်းသုံးပိုင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ဂုဏ်အရည်အချင်း ယင်းအကြောင်းအရာများကို ရေးသားဖော်ပြထားလေသည်။

စတုတ္ထအတွဲ၌ မိန်းမတို့၏ အခြေအနေ၊ ကာကွယ်စောင့်ရှောက်သူများအတွက် အိမ်ထောင်ရေးစနစ် အဆုံးသတ်ခြင်းနှင့် စစ်တိုက်ခြင်း၏ စည်းကမ်းဥပဒေများ၊ ယင်းအကြောင်းအရာများကို ရေးသားဖော်ပြထားလေသည်။

ပဉ္စမတွဲမှ သတ္တမတွဲအထိ ဒဿနပညာရှင် (ဒဿနိက)များ အုပ်ချုပ်သူ ဘုရင်ဖြစ်ရေး၊ ဒဿနပညာရှင်တို့၏ လက္ခဏာ၊ ဒဿနပညာရှင်တို့၏ အုပ်ချုပ်ရေးစွမ်းရည်၊ မြင့်မြတ်သော အသိပညာ၊ မြင့်မြတ်သော ပညာရပ်များဖြစ်သည့် ဂဏန်းသချ်ာ၊ ဂဲဩမေတြီ၊ နက္ခတ္တဗေဒ၊ တက္ကဗေဒ ယင်းအကြောင်းအရာများကို ရေးသားဖော်ပြထားလေသည်။

အဋ္ဌမတွဲနှင့် နဝမတွဲတို့၌ လူ့လောကနှင့် ဝိညာဉ်၏ ကျဆုံးမှု၊ တရားမှုရှိသော ဘဝနှင့် တရားမှုမရှိသော ဘဝတို့၏ နှိုင်းယှဉ်ချက်၊ စံပြနိုင်ငံ၏ လူနည်းစု အုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်၊ အသက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်တို့၏ အသွင်အပြင် ပြောင်းလဲသွားပုံနည်း ယင်းအကြောင်းအရာများကို ရေးသားဖော်ပြထားလေသည်။

ဒဿမတွဲ၌ ဒဿနပညာနှင့် ကဗျာ၌ရှိသော ဆန့်ကျင်မှုကို

mgyoe.com

mgyoe.com


ဖော်ပြလျက် စံပြနိုင်ငံက ကဗျာဆရာများအား ဝိုင်းပယ်ထားပုံ၊ ဝိညာဉ်၏ ထာဝစဉ် အသက်ရှင်နေမှု၊ မျက်မှောက်လောကနှင့် တမလွန်လောကတို့၌ တရားမှုနှင့် ဆုံစည်းကြသော ကောင်းသော အကျိုးတရားများ ယင်း အကြောင်းအရာများကို ရေးသားဖွင့်ဆိုထားလေသည်။

ရီပတ်ဗလစ်တွင် ပါဝင်သည့် နိုင်ငံရေးပညာနှင့် ပတ်သက်သော အရေးကြီးသည့် အယူအဆအချို့ကို အကျဉ်းချုပ်အားဖြင့် ရေးသားဖော်ပြပါမည်။

## (ဃ) တရားမှု၏ အနက်အဓိပ္ပာယ်

ရီပတ်ဗလစ်၏ အစ၌ လည်းကောင်း၊ အဆုံး၌ လည်းကောင်း တရားမှု၏ အသွင်အပြင်ကို ဝေဖန်ရေးသားထားသည်။ ရီပတ်ဗလစ်၌ပါသော စကားဝိုင်းကို အေသင်မှ ငါးမိုင်ခန့် အကွာအဝေး အနောက်တောင်ဘက်၌ ရှိသော ပိရေယပ် အမည်ရှိသည့် သဘော်ဆိပ်တွင်နေသော သူဌေး ကုန်သည်တစ်ဦးဖြစ်သူ **ကက်ဖာလပ်**[၁]အိမ်၌ ဗင်းဒစ်အမည်ရှိသော နတ် ဒေဝတာကို ပူဇော်ပသသည့်ပွဲနှင့် ကြုံကြိုက်သောနေ့တွင် အစပြုခဲ့သည်။ ယင်းစကားဝိုင်း၌ ပါဝင်ကြသူများမှာ ပလေတို၏ နောင်တော်ကြီးများ ဖြစ်ကြသော **ဂလောက်ကွန်း**[၂]နှင့် **အဒီမန်တပ်**[၃]၊ ကက်ဖာလပ်နှင့် သူ၏ သားများဖြစ်ကြသော ပိုလီမာကပ်[၄]နှင့် လီဆိယပ်၊ **ကယ်လဆီဒုန်း**[၅]မှ အလင်္ကာကျမ်းတတ် **ဆိုဖစ်သရေစီမေကပ်**[၆] တို့အပြင် ဆိုကရေတီတို့ ဖြစ်ကြသည်။

---

၁။ Cephalus

၂။ Glaucon

၃။ Adeimantus

၄။ Polymarchus

၅။ Chalcedon

၆။ Thrysymachus

mgyoe.com

mgyoe.com

ဆိုကရေတီသည် သူ၏ အဖော်များနှင့်အတူ အထက်ဖော်ပြပါ ပွဲသဘင်ကို ကြည့်ရှုပြီး၍ ပြန်လာသောအခါ ပိုလီမာကပ်က ဆိုကရေတီအား သူ့အိမ်သို့ ကြွရောက်ရန် ပင့်ဖိတ်လေသည်။ အိမ်သို့ ရောက်လာသောအခါ ဧည့်သည်များအား ဧည့်ခံပြီးလျှင် ကက်ဖာလပ်သည် မိမိ၏ အတိတ်ဘဝကို ပြန်လည် သုံးသပ်လျက် ကဗျာဆရာကြီး ပိန်ဒါ၏ စကားလုံးများကို ဤကဲ့သို့ ကိုးကားပြောပြလေသည်။ "လူတစ်ဦးတစ်ယောက်သည် မိမိ၏ဘဝကို တရားမှုနှင့် လည်းကောင်း၊ ယုံကြည်မှုနှင့် လည်းကောင်း အတူတကွ ကုန်ဆုံးကျော်လွန်သွားသည့်အခါ သူ၏ နှလုံးကို နှစ်သိမ့်ကြည်နူးစေရန်နှင့် ဇရာဘဝကို ပြုစုရန်အတွက် မျှော်လင့်ချက်သည် အဖော်တစ်ဦး၏ အသွင်ကဲ့သို့ သူနှင့် အတူတကွ အမြဲရှိနေလေ၏" ထိုအခါ ဆိုကရေတီက တရားမှုဟူသည်မှာ အဘယ်နည်း ဟူ၍ မေးခွန်းထုတ်လိုက်လေသည်။ ယင်းပြဿနာသည် ရီပတ်ဗလစ်၏ အခြေခံ ပြဿနာ ဖြစ်လေသည်။

ယခုခေတ်တွင် တရားမှု၏ အဓိက လိုရင်းအဓိပ္ပာယ်မှာ တရားသူကြီးက တရားဥပဒေအရ တရားခံများအား အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။ သို့ရာတွင် ပလေတို၏ အလိုအရ တရားမှုသည် ဥပဒေဆိုင်ရာ ဝေါဟာရစကားလုံး တစ်စုံတစ်ရာမဟုတ်ပေ။ ယင်းစကားလုံး၏ အဓိပ္ပာယ်မှာ လူ့လောက၏ ကောင်းကျိုးအတွက် ပြည့်သင့်ပြုအပ်ဖို့ လိုအပ်သော တာဝန်ဝတ္တရားများကို လူအနေဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းဟု ဆိုလိုရင်းမျှသာ ဖြစ်သည်။[၁] လူ့ဘောင် လူ့လောကနှင့် နိုင်ငံသည် မိမိတို့၏ လိုအပ်ချက်အရ လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ အရည်အချင်းအရ လည်းကောင်း ပုဂ္ဂိုလ်တစ်ဦးချင်းတို့အတွက် တာဝန်ဝတ္တရားအချို့နှင့် ကျင့်ဝတ်အချို့ကို သတ်မှတ်ဆုံးဖြတ်ထားသည်။ ယင်းတာဝန်ဝတ္တရားနှင့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းသည်သာလျှင် တရားမှုဖြစ်လေသည်။ သို့ရာတွင် မိမိ၏ဝါဒကိုမတင်ပြမီ ပလေတိုသည် ထို

၁။ Barker, Greek Political Theory

mgyoe.com

mgyoe.com


ခေတ်က ခေတ်စားနေသော တရားမှုနှင့် ပတ်သက်သည့် အယူအဆ အားလုံးကို ဆန့်ကျင်တိုက်ဖျက်ပစ်လေသည်။ ယင်းအယူအဆများမှာ အောက်ပါတို့အတိုင်း ဖြစ်လေသည်။

## (င) တရားမှု အယူအဆများ

ပထမ အယူအဆမှာ ကက်ဖာလပ်၏ အယူအဆ ဖြစ်သည်။ ယင်းအယူအဆသည် အစဉ်အဆက်က ယူဆလာခဲ့သည့် ထင်မြင်ယူဆချက် အားလျော်စွာ တရားမှု၏ အဓိပ္ပာယ်ကို မုသားမပြောခြင်းနှင့် ကြွေးမြီ ပြေလည်ခြင်းဟူ၍ နားလည်ထားသော အယူအဆ ဖြစ်သည်။ သို့ရာတွင် ပလေတို၏ ဆိုကရေတီက ဤသို့ ပြောပြသည်။ "ယင်း အဓိပ္ပာယ် ဖွင့်သည် မမှန်ကန်ပေ။ အကြောင်းမူကား ယင်းနှစ်မျိုးသော အလုပ်များမှာ တစ်ခါတစ်ရံတွင် တရားမှုဖြစ်နိုင်ပြီး တစ်ခါတစ်ရံတွင် မတရားမှုဖြစ်နိုင် သောကြောင့်တည်း။ ယခု ကျွန်ုပ် ပြောပြမည့် ဥပမာကို အားလုံးက လက်ခံလိမ့်မည်ဟု ထင်ပါ၏။ အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ပင်ကိုစိတ်ရှိနေသော မိတ်ဆွေတစ်ဦးထံမှ လက်နက်ကိုယူပြီး နောက် ထိုလက်နက်ပေးသူ ရူးသွပ်သွားပြီး သူ့လက်နက်ကို ပြန်တောင်း ခဲ့သည်ရှိသော် ယင်းအခြေအနေမျိုး၌ လက်နက်ကို ပြန်ပေးသူသည် တရားမှုကို ပြုလုပ်သောသူဟူ၍ မခေါ်ဆိုနိုင်ပေ။"[၁]

ထို့နောက် ကက်ဖာလပ်၏သားဖြစ်သူ ပိုလီမာကပ်သည် ဖခင် ၏ဘက်မှ ရှေ့နေလိုက်လျက် တရားမှု၏ဒုတိယအဓိပ္ပာယ်ဖွင့် တစ်ခုကို ပြောပြလေသည်။ ယင်းအဓိပ္ပာယ်ဖွင့်မှာ လူတိုင်း လူတိုင်းအား သင့်လျော်လျောက်ပတ်သောအရာကို ပေးခြင်း (လူတိုင်း လူတိုင်းနှင့် လိုက်လျောညီထွေ ကျင့်တတ်ခြင်း) ဖြစ်လေသည်။ သို့ရာတွင် ယင်း သင့်လျော်လျောက်ပတ်သောဟူသည်မှာ အဘယ်နည်း။ အတန်ငယ် အချေ အတင် အငြင်းအခုံ ဖြစ်ပြီးသည့်နောက်၌ မိတ်ဆွေအား အကောင်းကို

၁။ Cornford, Republic

mgyoe.com

mgyoe.com

ပြုလုပ်ခြင်းနှင့် ရန်သူအား အဆိုးကို ပြုလုပ်ခြင်း အတတ်ပညာသည် တရားမှုဖြစ်၏ဟူသောအဖြေ ထွက်ပေါ်လာလေသည်။

ပလေတို၏ ဆိုကရေတီက ယင်းအမိပ္ပာယ်ဖွင့်၍ အောက်ပါ အပြစ်များ ထောက်ပြထားသည်။

၁။ အကယ်၍ အကောင်းပြုခြင်း၊ အဆိုးပြုခြင်းသည် အတတ်ပညာ ဖြစ်ခဲ့သော် ယင်းအတတ်ပညာသည် အခြားသော အတတ်ပညာ ကဲ့သို့ ဆန့်ကျင်ဘက် အလုပ်နှစ်မျိုးကို လုပ်နိုင်သည်။ ဆေး ဆရာသည် မိမိ၏ အတတ်ပညာဖြင့် ရောဂါသည်ကို ကျန်းမာ အောင် လည်းကောင်း၊ ကျန်းမာသူကို ရောဂါရအောင် လည်း ကောင်း ပြုနိုင်လေသည်။ မိမိ ဆေးအတတ်ပညာကို အကောင်း အတွက် ပြုလုပ်ခြင်းနှင့် အဆိုးအတွက် ပြုလုပ်ခြင်းမှာ သူ၏ အလိုဆန္ဒပေါ်၌ တည်နေသည်။

တရားမှုသည်လည်း ယင်းကဲ့သို့သော အတတ်ပညာ မျိုးဖြစ်ပါသလော။ အကယ်၍ ကျွန်ုပ်တို့သည် ယင်းအတတ် ပညာကို မိမိတို့၏ဆန္ဒအားလျော်စွာ အသုံးပြုခဲ့သော် ယင်း အတတ်ပညာကို တရားမှုဟူ၍ မခေါ်ဆိုနိုင်ပေ။ ကိုယ့်သဘော ကိုယ်လုပ်ခြင်းသည် တရားမှု၏ ပရိယာယ်စကားလုံး မဖြစ် နိုင်ပေ။

၂။ တရားမှုသည် မိတ်ဆွေကို အကောင်းပြုခြင်းနှင့် ရန်သူကို အဆိုးပြုခြင်းဖြစ်၏ဟု ဆိုရန်မှာ လွယ်ကူလှသည်။ သို့ရာတွင် မိတ်ဆွေနှင့် ရန်သူကို မည်ကဲ့သို့ သတ်မှတ်ဆုံးဖြတ်မည်နည်း။ များစွာသော လူတို့သည် အပေါ်ယံ အပြင်ပန်းအားဖြင့် မိတ်ဆွေ ယောင် ဆောင်နေကြသော်လည်း အမှန်စင်စစ်မှာမူ ရန်သူများ ဖြစ်ကြသည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များအား အကောင်းပြု ခြင်းသည် သင့်လျော် လျောက်ပတ်ပါသလော။ အကယ်၍ အကောင်းပြုခဲ့သော် ယင်းအပြုအမူသည် ကျွန်ုပ်တို့အတွက် အကျိုးကျေးဇူးရှိလိမ့်မည် မဟုတ်ပေ။ အကောင်းမပြုခဲ့သော်

mgyoe.com

mgyoe.com

တရားမှု၏ အထက်ပါအဓိပ္ပာယ်အဖွင့်မှာ မှန်ကန်တော့မည် မဟုတ်ပေ။

၃။ ရန်သူများအား အဆိုးပြုလုပ်ခြင်းသည် တရားမှု ဖြစ်ပါသလော ဟူသည်မှာလည်း စဉ်းစားအပ်သည့် ပြဿနာတစ်ရပ် ဖြစ်သည်။ အဆိုးပြုလုပ်ခြင်းခံရသူတို့၏ အခြေအနေသည် အနည်းနှင့် အများနိမ့်ကျသွားရမည်သာ ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြေအနေကို ယခင်ကထက် ပို၍ဆိုးအောင် ပြုလုပ်ခြင်းသည် တရားမှု၏ရည်မှန်းချက် မည်သည့်အခါမျှ မဖြစ်နိုင်ပေ။

၄။ မိတ်ဆွေနှင့် ရန်သူကို အကောင်းပြုခြင်းနှင့် အဆိုးပြုခြင်းဟူသော အယူအဆမှာ ပုဂ္ဂိုလ်နှစ်ဦး၏အကြားတွင် ဆက်စပ်နေသော ပုဂ္ဂိုလ်ရေးသာလျှင် ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ရေးသည် ပုဂ္ဂလဝါဒီ အယူအဆများပေါ်၌ အခြေတည်လေသည်။ ယင်းအယူအဆ၌ ပုဂ္ဂိုလ်ကိုအခြေခံ၍ ကောင်းခြင်း ဆိုးခြင်းကို ပြုလုပ်ရလေသည်။ တရားမှုသည်ကား လူ့လောက လူ့ဘောင်နှင့် ပတ်သက်သော အယူအဆတစ်ခုဖြစ်သည်။ လူ့လောက ကောင်းကျိုးရှိစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော အလုပ်သည် တရားမှု ဖြစ်နိုင်သည်။ ပိုလီမာကပ်၏ အဓိပ္ပာယ်ဖွင့်သည် အထက်ပါ အပြစ်လေးမျိုးတို့ကြောင့် မှန်ကန်သော၊ လေးစားအပ်သော အဓိပ္ပာယ်ဖွင့် မဖြစ်နိုင်ပေ။

တတိယ အယူအဆမှာ သရေစီမေကပ်၏ အယူအဆဖြစ်သည်။ ကက်ဖာလပ်နှင့် ပိုလီမာကပ်တို့၏ အယူအဆများမှာ ဂရိ **ရှေးဟောင်း အစဉ်အလာဖြစ်သော ကိုယ်ကျင့်တရား**[၁]ကို စောင့်ထိန်းသော အယူအဆ များ ဖြစ်ကြသည်။ သရေစီမေကပ်၏ အယူအဆမှာမူ ငါးရာစုဘီစီ နောက်ပိုင်း၌ ပေါ်ပေါက်လာသော ဆိုဖစ်တို့၏ တော်လှန်သောအယူအဆ ဖြစ်လေသည်။ ယင်းအယူအဆကို သရေစီမေကပ်သည် နှစ်မျိုး နှစ်စား

---

၁။ Traditional Morality

mgyoe.com

သော အသွင်ဖြင့် တင်ပြလေသည်။

ပထမ အမျိုးအစားအရ တရားမှုသည် အင်အားရှိသူ၏ အကျိုးစီးပွား ဖြစ်သည်။ မိမိ၏ အကျိုးစီးပွား ပြီးမြောက် အောင်မြင်ရေးအတွက် အင်အားရှိသူ ပြုလုပ်သော ဥပဒေ သို့မဟုတ် စနစ်သည် တရားသည်။ အုပ်ချုပ်သူ အားလုံးသည် မိမိတို့၏ အကျိုးစီးပွား ထမြောက်အောင်မြင်ရေးအတွက် ဥပဒေများကို ပြုလုပ်ကြသည်။ ပြည်သူပြည်သားတို့က ယင်းဥပဒေများကို လိုက်နာကျင့်သုံးကြရသည်။ ယင်းအယူအဆ၌ တရားမှုနှင့် အင်အားကို မကွဲမပြား တစ်သားတည်းဟူ၍ ထင်မှတ်ယူဆထားသည်။

ဒုတိယ အမျိုးအစားမှာ မတရားသူသည် တရားသူထက် ကောင်း၏။ မတရားမှုသည် အင်အားရှိ၏။ နှစ်သိမ့်ရွှင်လန်းမှုကို ပေးတတ်၏ဟူသော အယူအဆ ဖြစ်လေသည်။ သရေစီမေကပ်က ယင်းအယူအဆကို လောကထုံးတမ်း ဥပဒေများဖြင့် ရှင်းလင်းထားလေသည်။ "ရှေးဦးစွာ ပုဂ္ဂိုလ်အချင်းချင်း ဆက်ဆံကြပုံကို ကြည့်ပါ။ တရားသူနှင့် မတရားသူ နှစ်ဦး အစုစပ် လုပ်ငန်းတစ်ခုကို ပြုလုပ်ရာ၌ ယင်းလုပ်ငန်း အပြီးသတ်သွားသောအခါ တရားသူသည် မတရားသူထက် ပို၍ ဥစ္စာငွေကြေး ရရှိသည်ကို မည်သည့်အခါမျှ တွေ့ရလိမ့်မည် မဟုတ်ပေ။ အစိုးရ ရာထူးဌာနန္တရများ၌ ရောက်ရှိနေကြသော ပုဂ္ဂိုလ်များတွင်လည်း မတရားသူက အကျိုးများစွာ ဖြစ်ထွန်းနေကြပြီး တရားသူက အကျိုးဖြစ်ထွန်းမှု မရှိသည့်ပြင် မိမိအပေါင်းအသင်း မိတ်ဆွေသင်္ဂဟတို့၏ အမုန်းကိုပင် ခံရသည်။ အကြောင်းမူကား တရားသူသည် မိမိတို့၏ အကျိုးကို မတရားသဖြင့် ပြုလုပ်လိုစိတ် မရှိသောကြောင့်တည်း။ ခိုးခြင်း၊ ဝှက်ခြင်း၊ လုယက်ခြင်း၊ စားပြတိုက်ခြင်းတို့ကို ပြုလုပ်သောသူများအား သူခိုး သို့မဟုတ် စားပြဟူ၍ ခေါ်ကြ၏။ ဖမ်းမိသောအခါ အပြစ်ဒဏ်ခံကြရ၏။ သို့ရာတွင် ဘုရင်တစ်ဦးက အခြားတိုင်းပြည်တစ်ခုမှ နိုင်ငံခြားသားတို့၏ ပစ္စည်းဥစ္စာတို့ကို တိုက်ခိုက်သိမ်းပိုက်ပါမူကား ယင်းဘုရင်ကို စစ်နိုင်သူဟု သမုတ်ကြပြီးလျှင် သူ၏ ဘုန်းတော်ဘွဲ့ကို

mgyoe.com

ဖွဲ့ဆိုကျူးရင့်ကြကုန်၏။ ထို့ကြောင့် အို…ဆိုကရေတီ၊ လုံလုံလောက်လောက် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်အပ်သော မတရားမှုသည် တရားမှုထက် ပို၍ အင်အားကြီး၏။ ကိုယ့်အလိုကျ ဖြစ်၏။ အခွင့်အာဏာနှင့် ပြည့်စုံ၏ "[၁]

ပလေတိုသည် သရေစီမေကပ်၏ ပထမ အမျိုးအစားဖြစ်သော အယူအဆကို ချေဖျက်လျက် အောက်ဖော်ပြပါ ယုတ္တိသာဓကကို တင်ပြထားလေသည်။ အုပ်ချုပ်ခြင်းသည် အတတ်ပညာတစ်ခု ဖြစ်သည်။ အတတ်ပညာ အားလုံး၏ ရည်မှန်းချက်သည် မိမိကိုယ်ကျိုး ပြည့်ဝအောင်မြင်ရေးမဟုတ်ပေ။ မိမိနှင့် ပတ်သက်ဆက်သွယ်နေသော အရာဝတ္ထုတို့၏ အပြစ်အနာအဆာများကို ဖယ်ရှားဖျောက်ဖျက်ပစ်ရန် ဖြစ်လေသည်။

ဥပမာအားဖြင့် စစ်မှန်သော ဆေးပညာ၏ ရည်ရွယ်ချက်သည် လူနာများ ရောဂါဝေဒနာ ပျောက်ကင်းရန် ဖြစ်သည်။ မိမိ၏ကိုယ်ကျိုး ကိုယ်စီးပွားပြည့်ဝရေး မဟုတ်ပေ။ စစ်မှန်သော ဆရာသမားသည် မိမိ တပည့်၏ စိတ်ထဲတွင်ရှိသော အပြစ်အနာအဆာများကို ဖယ်ရှားပေးပြီးလျှင် ထိုတပည့်အား ပညာရှိအောင်၊ လိမ္မာရေးခြားရှိအောင် ပြုလုပ်သည်။ မိမိကိုယ်ကျိုး ကိုယ်စီးပွား ပြည့်ဝအောင်မြင်ရေးကို ပြုလုပ်သည် မဟုတ်ပေ။ လူနာနှင့် တပည့်၏ ကောင်းကျိုးကိုကြည့်လျက် ယင်းတို့၏ အပြစ်အနာအဆာ ဟူသမျှကို ဖယ်ရှားပေးသူသာလျှင် စံပြဆေးသမား သို့မဟုတ် စံပြဆရာသမား ဖြစ်နိုင်သည်။

ထိုနည်းအတိုင်း ကိုယ်ကျိုးကိုမကြည့်ဘဲ အအုပ်ချုပ်ခံ ပြည်သူလူထု၏ အကျိုးစီးပွားကိုကြည့်လျက် ယင်းတို့၏ အပြစ်အနာအဆာများ၊ ဆင်းရဲဒုက္ခများ၊ အခက်အခဲများကို ဖယ်ရှားပစ်သူသာလျှင် စံပြအုပ်ချုပ်သူ ဖြစ်နိုင်သည်။ သို့ဖြစ်၍ တရားမှုသည် အင်အားရှိသော အုပ်ချုပ်သူ၏ ကိုယ်ကျိုး ကိုယ်စီးပွားဖြစ်၏ဟူ၍ ပြောဆိုခြင်းမှာ မမှန်ကန်ပေ။ သိုးကျောင်းသားနှင့် နွားကျောင်းသားတို့သည် မိမိတို့၏ သိုးများနှင့် နွား

၁။ Cornford, Republic

mgyoe.com

များ၏အကျိုးစီးပွားကို ကြည့်သကဲ့သို့ ထိုနည်းအတူ ဘုရင်သည် ပြည်သူ ပြည်သားတို့၏ အကျိုးစီးပွားအတွက် ကြောင့်ကြမှု ရှိရလေသည်။

ဒုတိယအမျိုးအစားဖြစ်သော အယူအဆကို ပလေတိုက ဤသို့ ချေဖျက်ထားသည်။ အရာဝတ္ထု ဟူသမျှ၌ အသီးသီး သတ်မှတ်ပိုင်းခြား ထားသော အလုပ်နှင့်ကောင်းသော အလုပ်ဟူ၍ ရှိကြသည်။ ယင်းအလုပ် နှင့်ကောင်းသော အလုပ်များကို ထိုအရာဝတ္ထုများကသာလျှင် ကောင်း မွန်စွာ ပြုလုပ်နိုင်သည်။ မျက်စိ၏အလုပ်သည် ကြည့်ရန်ဖြစ်သည်။ နား၏အလုပ်သည် နားထောင်ရန်ဖြစ်သည်။ ထိုနည်းအတိုင်း ဝိညာဉ်၏ သတ်မှတ်ပိုင်းခြားထားသော အလုပ်မှာ အသက်ရှင်နေမှုဖြစ်၍ ကောင်း သောအလုပ်မှာ ကောင်းစွာ အသက်ရှင်နေခြင်း ဖြစ်သည်။

မိမိ၏သဘာဝတရား ကင်းမဲ့နေသည့်အခါ မည်သည့်အရာဝတ္ထု မျှ ကိုယ့်အလုပ်ကိုယ် မလုပ်နိုင်ကြပေ။ မီး၏အလုပ်မှာ လောင်ရန် ဖြစ်သည်။ အကယ်၍ မီးသည် မိမိ၏သဘာဝဖြစ်သော လောင်မြိုက် တတ်သည့် သဘောတရား ကင်းမဲ့နေလျှင် ပစ္စည်းဝတ္ထုများကို လောင်ကျွမ်းစေနိုင်မည် မဟုတ်ပေ။ ထိုနည်းအတူ ဝိညာဉ်သည်လည်း ကောင်းစွာ အသက်ရှင်နေမှု၏ ဂုဏ်အရည်အချင်းဖြစ်သော တရားမှုနှင့် ယှဉ်နေသည့် အခါမှသာလျှင် မိမိ၏အလုပ်ကို ကောင်းမွန်စွာ ပြုလုပ်နိုင် သည်။ ရွှင်လန်းဝမ်းမြောက်ခြင်းသည်လည်း ဝိညာဉ်၏သဘာဝ ဂုဏ် အရည်အချင်းဖြစ်သည်။ ဝိညာဉ် သည် ယင်းဂုဏ်အရည်အချင်းကို ကောင်းသော အသက်ရှင်နေမှုဖြင့် အသက်ရှင်နေမှသာလျှင်၊ ကောင်းစွာ အသက်မွေးဝမ်းကျောင်းနေမှသာလျှင်၊ တရားမျှတမှုနှင့် ပြည့်စုံနေမှ သာလျှင် ရရှိနိုင်သည်။ ထို့ကြောင့် တရားသောဝိညာဉ်သည်သာလျှင် ရွှင်လန်းချမ်းသာမှုနှင့် ပြည့်စုံသည်။[၁] ရွှင်လန်းချမ်းမြေ့ခြင်းသည် စိတ်ဆင်းရဲခြင်းထက် ပို၍ အကျိုးကျေးဇူး ရှိသည်။ ထို့ကြောင့် ရွှင်လန်း ချမ်းမြေ့သော တရားသူသည် မတရားသူထက် ပို၍ အမြတ်ထွက်သည်။

---

၁။ Cornford, Republic

mgyoe.com